မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၁)

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**

ငြိမ်းချမ်းရေးရရှိရန်မှာ မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်

မိတ်ဆွေနိုင်ငံများမှ ပေးအပ်သည့်အကူအညီများကို မိမိတို့ အသိအမှတ်ပြု

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ပတ်ရှိုင်ရယ်ဟိုတယ် ပိတောက်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူး ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ ❄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူး ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်လာရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချာနှင့်ဇနီးတို့က ကြိုဆိုစဉ် (သတင်းစဉ်)

မြန်မာ့အလင်း

ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးခဲ့ခြင်းသည် နိုင်ငံတော်၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်ရေးကြိုးပမ်းမှု၌ အရေးပါသော ခြေလှမ်းတစ်လှမ်းအဖြစ် ရှုမြင်ပါသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်၌ ဂျပန်စီးပွားရေးလုပ်ငန်းရှင် ၇၀ အထိ ပါဝင်ခြင်းက ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားပူးပေါင်းဆောင်ရွက်မှုကို လစ်ဟဖော်ပြနေပါသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့ထိပ်သီး စီးပွားရေးနိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး နည်းပညာအရဖြစ်စေ၊ စီမံခန့်ခွဲမှုအရဖြစ်စေ၊ ရင်းနှီးမြှုပ်နှံနိုင်မှုအင်အားအရဖြစ်စေ၊ စီးပွားရေးဈေးကွက်ရှာဖွေရာ၌ ဖြစ်စေ၊ မြန်မာနိုင်ငံကို အထောက်အပံ့ပြု ကူညီလက်တွဲဆောင်ရွက်နိုင်သော မိတ်ဆွေနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ လူငယ်အလုပ်သမားများပေါများခြင်း၊ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ လုပ်အားခသက်သာလျက်ရှိခြင်း၊ ဈေးကွက်ကျယ်ပြန့်မှုရှိခြင်းနှင့် အာဆီယံဆက်သွယ်ရေးလမ်းကြောင်း၏ ဗဟိုအချက်အချာနေရာပိုင်ဆိုင်ထားခြင်းတို့သည် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးအတွက် ဆွဲအားကောင်းများအဖြစ် တည်ရှိရပ်တည်နေပါသည်။

သို့သော် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရမည့် ပြဿနာများလည်း ရှိနေပါသည်။ လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အအုံများ မပြည့်စုံခြင်းကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ခွင့်ပြုမိန့်နှင့် အခွန်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များကို ရှုထောင့်ပေါင်းစုံမှ ထောင့်စေ့အောင်သုံးသပ်၍ ဟာကွက်မရှိ ပြဋ္ဌာန်းအကောင်အထည်ဖော်ပေးရမည်ဖြစ်ပါသည်။ အစိုးရ၏ လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွင်း တရားဥပဒေစိုးမိုးမှုနှင့်တည်ငြိမ်မှု အားကောင်းစေရန်ကိုလည်း ဖန်တီးပေးရမည်ဖြစ်ပါသည်။ လူထုအစိုးရသစ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ဖြစ်၍ ဂျပန်နိုင်ငံနှင့်သာမက ကမ္ဘာ့နိုင်ငံပေါင်းစုံတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခြေခံကောင်းတို့ကို ဖန်တီးပေးနိုင်မည်မှာ အသေအချာပင် ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးမှုကို တိုးတက်စေသည်သာမက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ကျယ်ပြန့်ခိုင်မာစေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့

ပြည်ထောင်စုသွေး
အပြည့်မွေးလျက်
ပြည်ထောင်စုစိတ်
ပြည့်လျှံဖိတ်ကာ
ပုံရိပ် ‘ပင်လုံ’
မြန်မာ့ဂုဏ်ကို
တူစုံထမ်းရွက်
လှမ်းချီတက်။
-
စည်းလုံးမှုပုံရိပ်
ညီညွတ်မှု စိတ်ထား
ပြည်ထောင်စု၏
နှလုံးသား

အင်းတော်မြို့တွင် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

အင်းတော် ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှုကြီးမှူး၍ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က အင်းတော်မြို့ အင်းမြသာယာအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲပြိုင်ပွဲတွင် အင်းတော်မြို့မ(က)အသင်းနှင့် မော်လူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်းတော်(က)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ပြိုင်ပွဲဝင်အသင်းရှစ်သင်းမှာ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၈-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၆၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၉၀/၇၀၀ ကျပ်
အောက်တိန်း ၉၂	၇၀၀/၇၁၀ ကျပ်
အောက်တိန်း ၉၅	၇၄၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၇၁၀/၇၂၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၀ ・ ၀
ဥရောပ	တစ်ယူရို	၁၄၄၈ ・ ၃
စင်ကာပူ	တစ်ဒေါ်လာ	၉၅၀ ・ ၃၀
ထိုင်း	တစ်ဘတ်	၃၈ ・ ၃၄
အိန္ဒိယ	တစ်ရူပီး	၁၉ ・ ၈၅
တရုတ်	တစ်ယွမ်	၁၉၆ ・ ၁၂
မလေးရှား	တစ်ရင်းဂစ်	၃၀၄ ・ ၉၁

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ ရှေ့ဖုံးမှ

မိမိတို့တွင် စိန်ခေါ်မှုအများကြီးရှိသည်ဟု သံအမတ်ကြီး ရောဘတ်ချွာက ပြောပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုများရှိပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် တည်ငြိမ်မှု၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သည့် နိုင်ငံတစ်ခုအနေဖြင့် ယခုအချိန်အထိ ငြိမ်းချမ်းရေး မရရှိသေးပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်မှာ မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံး ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး မရရှိလျှင် တိုင်းပြည်ချမ်းသာကြွယ်ဝမှု မရရှိနိုင်ပါကြောင်း၊ မိတ်ဆွေနိုင်ငံများမှ ပေးအပ်သည့် အကူအညီများကို မိမိတို့ အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံအခြေအနေကို နားလည်မှုပေးနိုင်ခြင်းမှာ မှန်ကန်သည့် ဖြေရှင်းမှုနည်းလမ်းရှာဖွေရန် မိမိတို့ကို ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း၊ မတူညီသည့်အမြင်၊ ရှုထောင့်အမျိုးမျိုးမှ အကောင်းဆုံးသောနည်းလမ်းများ ရှာဖွေရာတွင် အထောက်အကူပြုနိုင်သည်ဆိုတာ မိမိတို့အားလုံး နားလည်သဘောပေါက်ကြပါကြောင်း၊ မိမိတို့တစ်တွေသည် ဆွေးနွေးပွဲများတွင် မတူညီသည့်အမြင်များအပေါ် ငြင်းခုံကြသော်လည်း ဒါတွေသည် မိတ်ဆွေဖြစ်မှုကို ဘယ်လိုမှ မရပ်တန့်နိုင်ပါကြောင်း၊ ရွေးချယ်မှုကလည်း အရေးကြီးပါကြောင်း၊ ရွေးချယ်စရာမရှိလျှင် စစ်မှန်သည့်လွတ်လပ်မှု မရှိပါကြောင်း၊ လွတ်လပ်မှုက ရွေးချယ်မှုအပေါ် မူတည်နေပါကြောင်း၊ နိုင်ငံတိုင်းက ရွေးချယ်စရာများစွာကို ရင်ဆိုင်ကြုံတွေ့ရသည်ဆိုတာ မိမိတို့အားလုံး နားလည်သဘောပေါက်ကြပါကြောင်း၊ ယင်းမှာ မိမိတို့၏ တာဝန်ဖြစ်သည့်အပြင် ထိုရွေးချယ်စရာများကို တိုင်းပြည်အတွက် ဖန်တီးယူရမည် ဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံ မှန်ကန်သည့်နည်းလမ်းက ဘာဆိုသည်ကို ပြောပြရန် ခက်ခဲပါကြောင်း။

အတိတ်က ဆုံးဖြတ်ချက်တစ်ခုကို ဘယ်လိုပဲချခဲ့ပါစေ၊ အမှန်ကန်ဆုံးနည်းလမ်းဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်သာ လိုပါကြောင်း၊ ရည်မှန်းချက်မှားပြီး ချီတက်မည်ဆိုလျှင် ဆုံးရှုံးခြင်းကို ဦးတည်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် သီးသန့်အဖွဲ့အစည်းတစ်ခု၏ အကျိုးအတွက် မဟုတ်ဘဲ ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် အရာများကို မိမိတို့ သေချာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်အတွက် မိမိတို့ အကောင်းဆုံးကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြဿနာများစွာရှိနေပါကြောင်း၊ ခက်ခဲရှုပ်ထွေးသည့် အခြေအနေများကို အစိုးရက အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင်၊ နည်းလမ်းရှာဖွေရာတွင် ကူညီပေးရန် သံတမန်များ၊ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများကို မိမိတောင်းဆိုချင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "မြန်မာနိုင်ငံရဲ့ မိတ်ဆွေသံတမန်များအနေနဲ့လည်း ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပိုမိုကောင်းမွန်တဲ့အချက်တွေကို လွတ်လွတ်လပ်လပ်ဆွေးနွေးဖို့ ကျွန်မ ပြောချင်ပါတယ်။ ကျွန်မတို့ ဘာကိုကြိုးပမ်းဆောင်ရွက်တယ်ဆိုတာရယ်၊ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို လူကြီးမင်းတို့သိဖို့ လိုအပ်ပါတယ်။ ဒီနေ့လယ်စာစားပွဲက တစ်ဆင့် ကျွန်မတို့ရဲ့ယုံကြည်မှုနဲ့ နားလည်မှုကိုမြှင့်တင်ရင်း ၂၀၁၇ ခုနှစ်ကို ဆက်လက်ချီတက်သွားကြပါစို့လို့ ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ် ရိန်းဘိုးတေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံခြားသံတမန် အဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ အဖွဲ့ဝင်များက နှစ်သစ်ကူးလက်ဆောင် ပေးအပ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များ နှစ်သစ်ကူးဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်စဉ် (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားစဉ် (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ် (သတင်းစဉ်)

(၁၄)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါးပေါ်ထွန်း

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက်အထိ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တဝီရိယာနန္ဒ သက်တော် (၄၇)နှစ် သိက္ခာတော် (၂၇)ဝါသည် (၁၄)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့သည်။

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တဣန္ဒာစရိယ ပေါ်ထွန်းခဲ့ပြီးနောက်ပိုင်း ငါးနှစ်အကြာယခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင်မှ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒဘွဲ့ရ အရှင်ဝီရိယာနန္ဒ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒဘွဲ့ရ အရှင်ဝီရိယာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်ခမ်းရွာ ခမည်းတော် ဦးဘကျော်-မယ်တော် ဒေါ်တင်ကြည်တို့မှ ၁၃၃၁ ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (၂၁-၁-၁၉၇၀) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၅၁ ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံရွှေကျောင်းတိုက်သစ်ခဏ္ဍသိမ်တော်၌ ကျိုက္ကဆံရွှေကျောင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် တောင်ဥက္ကလာပမြို့နယ် ဦးအုန်းမောင်-ဒေါ်အေးကြည် မိသားစု၊ နောင်ချိုမြို့နယ် တောင်ခမ်းရွာ ဦးဘကျော်-ဒေါ်တင်ကြည်၊ သား မောင်အောင်မင်း မိသားစု၊ ဒေါ်ချစ်ညိမ်း၊ တူ မောင်ဇော်မင်း မိသားစု၊ မအူပင်မြို့ ထနီးရွာ ဦးတိုးမောင်-ဒေါ်သန်းရီမိသားစု၊ ဦးအောင်ခင်သိန်း-ဒေါ်မေမေတင်၊ သမီး ဒေါက်တာတင်ဇာအောင် မိသားစု၊ ဦးစောန္ဒဲ့သန်းစိန်-ဒေါ်စွဲ့ပဒုမ္မာ မိသားစု၊ ကိုသန့်ဇင်-မတိုးတိုးမိသားစု၊ ကိုအောင်သန်း-မအေးအေးနွယ် မိသားစု၊ တောင်ရှည်ရွာ ဒေါ်စန်း၊ သား မောင်အောင်မင်း-မရီဋွေး မိသားစု၊ ဦးကြည်ထွန်း-ဒေါ်ခင်အေးမူ မိသားစု၊ ကိုအောင်ကျော်နိုင်-ဒေါက်တာလဲ့လဲ့ခိုင် မိသားစု၊ ကိုသန်းအေး-မကြည်သန်း မိသားစု၊ ဦးဝင်းတင်-ဒေါ်ခင်သန်းမာ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်များ

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်ခမ်းရွာ ရွာဦးကျောင်း ပထမဆရာတော် ဦးစန္ဒဇောတိ၊ ဒုတိယဆရာတော် ဦးယုဇန၊ ဦးသန္တာနန္ဒ၊ ဦးတေဇိယသရ၊ မိုးကုတ်မြို့ ပန်းမအထက်ကျောင်းဆရာတော် ဦးဂန္ဓမာနှင့် နာယကဆရာတော်များ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ဆပ်သွားဘုံကျော်တောရ ဆရာတော် ဦးဝိလာသ၊ ဦးကဝိသာရာလင်္ကာရ၊ သဃ်န်းကျွန်း ကျိုက္ကဆံရွှေကျောင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ နာဂလိုဏ်ဂူကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ပြည်တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မင်းကွန်းတိပိဋကဓရ၊ တိပဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှုမဟာနာယက တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များထံတော်၌ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အရှင်ဝီရိယာနန္ဒသည် ၁၃၅၃ ခုနှစ်၌ အစိုးရဓမ္မာစရိယဘွဲ့၊ ၁၃၅၄ ခုနှစ်၌ ဥဘတောဝိဘင်္ဂဓရ လက်မှတ်၊ ၁၃၅၆ ခုနှစ်၌ ဝိနယဓရဘွဲ့၊ ၁၃၅၇ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒ လက်မှတ်၊ ၁၃၅၈ ခုနှစ်၌ ဝိနယကောဝိဒဘွဲ့၊ ၁၃၅၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့၊ ၁၃၆၀ ခုနှစ်၌ ဒီဃနိကာယ ကောဝိဒဘွဲ့၊ ၁၃၆၂ ခုနှစ်၌ မူလအာဘိဓမ္မိက လက်မှတ်၊ ၁၃၆၅ ခုနှစ်၌ မူလအဘိဓမ္မကောဝိဒ လက်မှတ်၊ ၁၃၇၀ ခုနှစ်၌ အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ နိကာယုဇ္ဇောတက အတ္ထဝိသာရဒ ဝိနယဓရဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယ အဂ္ဂဓမ္မာစရိယဘွဲ့တို့ ဖြစ်ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၈ ခုနှစ် (၆၉)ကြိမ်မြောက် အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် "အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်"နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်

အရှင်ဝီရိယာနန္ဒသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် "တိပိဋကဓရ၊ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်) လစဉ် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

ကျောက်တော်ကြီးဘုရား၌ တရားအလှူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းမြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ တရားအလှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တရားအလှူပွဲအဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် အင်းစိန်မြို့နယ် ရွာမအနောက် ရပ်ကွက် မိုးကုတ်ဝိပဿနာရိပ်သာ ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ) ဖေဖော်ဝါရီ ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ (ကျိုက္ကလော့ဆရာတော်)နှင့် ဖေဖော်ဝါရီ ၉ ရက်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မန္တလေးကျောင်းတိုက်ဆရာတော် အရှင်ခေမိန္ဒ(ဓမ္မာစရိယ)တို့က ဓမ္မရင်ပြင်တော်၌ ညစဉ်ည ၇ နာရီတွင် တရားရေအေး တိုက်ကျွေးဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ နေပြည်တော်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ယနေ့ နံနက် ၇ နာရီက နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင် ကြီးကြပ်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ရုံးတို့မှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၈၀ တို့က စေတီတော်ရင်ပြင်၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော် ဒုတိယထပ်ရှိ အုတ်ခဲကျိုးများနှင့် ဘိလပ်မြေများကို ရှင်းလင်းခြင်း၊ စေတီတော်ဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များအား ခုတ်ထွင် ရှင်းလင်းခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ကိုရဲ

(၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ရေးဖြေအောင်စာရင်းထုတ်ပြန်

(၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင် တိပိဋကကောဝိဒ (၁) ပါး

၁။ ပလ္လင်အမှတ် (၂၀၇) — အရှင်ဝီရိယာနန္ဒ အသက် (၄၇ နှစ်)၊ သိက္ခာ (၂၇) ဝါ တိပိဋကနိကာယကျောင်း၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ သုံးကျမ်းသဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၁) ပါး

၁။ ပလ္လင်အမှတ် (၂၂၉) — အရှင်မာနိတ၊ အသက် (၃၇ နှစ်)၊ သိက္ခာ (၁၈ ဝါ) တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ (၅) ပါး

၁။ ပလ္လင်အမှတ် (၂၆၆) — အရှင်အစ္စရိယ၊ အသက်(၃၃နှစ်)၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၂၇၅) — အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၁ နှစ်)၊ သိက္ခာ (၁၁) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၇၇) — အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၀ နှစ်)၊ သိက္ခာ (၁၀) ဝါ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၄။ ပလ္လင်အမှတ် (၂၇၈) — အရှင်ခေမိသရ၊ အသက် (၂၉ နှစ်)၊ သိက္ခာ (၈) ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၇၉) — အရှင်သောပါကာလင်္ကာရ၊ အသက်(၂၉ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၁၁)ပါး

၁။ ပလ္လင်အမှတ်(၂၉၈) — အရှင်ဝိလာသဂ္ဂါလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၀၆) — အရှင်ဝဏ္ဏိတာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက စုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၀၇) — အရှင်အာစာရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**

၄။ ပလ္လင်အမှတ်(၃၁၂) — အရှင်အဂ္ဂသီလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၁၆) — အရှင်ဉာဏိသရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၂၄) — အရှင်ပညာဇောလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၃၅) — အရှင်တေဇဝံသ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

ဆေးဝါးကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညိုစဉ်

ဆေးဝါးကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၂၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် တွေ့ဆုံ၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းပြီး ဆရာတော်ကြီးအား နေ့ညမပြတ် စောင့်ကြပ်ကုသပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသဖြင့် ဇန်နဝါရီ ၁၂ ရက်မှစ၍ မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေခြင်းဖြစ်ကြောင်းနှင့် ယခုနှစ် တန်ခူးလတွင် ဆရာတော်ကြီး၏ သက်တော် (၁၀၀)ပြည့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ကားတွေအများစုဖြစ်ပါတယ်။ ဒီကားတွေက ကားတစ်စီးရဲ့ တန်ဖိုးဆိုတာထက် ရှေးဟောင်းအမွေအနှစ်ရဲ့တန်ဖိုးက ပိုပြီးမြင့်ပါတယ်။ တချို့ကားတွေဆိုရင် မြန်မာပြည်မှာ တစ်စီးလောက်ပဲရှိပါတော့တယ်။ နှစ်စီးရှိတယ်ဆိုတာက အလွန်ရှားပါတယ်" ဟု Myanmar Classic Cars Club မှ ကိုဇမ္ဗူလက်ျာက ရှင်းပြသည်။

အဆိုပါ ရှေးဟောင်းကားပြပွဲတွင် အစောဆုံးအဖြစ် ၁၉၂၀ ပြည့်နှစ်က ထုတ်လုပ်သော ကားများလည်း ပါဝင်ကြောင်း၊ အများစုမှာ အမေရိကန်ထုတ်ကားများဖြစ်ကြောင်း၊ လင်ရိုဗာ၊ ချက်ဗလက်၊ မာစီးဒီး၊ ကက်တလစ်၊ အော်စတင်၊ ခရောင်း၊ ကိုရိုလာ စသည့် ကားအမျိုးအစားများ ပါဝင်ပြသထားကြောင်း၊ စုစုပေါင်း ကားစီးရေ ၃၅ စီး ခင်းကျင်းပြသထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရှေးဟောင်းကားပြပွဲကို ၂၀၁၅ ခုနှစ် မေလက ကားစီးရေ ၂၇ စီးဖြင့် ပြသခဲ့ရာ ယခုပြပွဲသည် ဒုတိယအကြိမ် ပြသခြင်းဖြစ်ကြောင်း၊ ပြသထားသောကားများမှာ တစ်ချိန်က ဇိမ်ခံလူစီးကားများဖြစ်ကြောင်း၊ ဂျစ်ကားများလည်း ပါဝင်ပြသထားကြောင်း သိရသည်။ Myanmar Classic Cars Club ကို ၂၀၁၀ ပြည့်နှစ်က ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်ကားများ စုစည်းပြသနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းကားများမှာ ယခုအခါ ကားပစ္စည်းအလွန်ပင်ရှားပါးလာကြောင်း၊ ကားများကို ပြင်ဆင်နိုင်သူမှာလည်း အလွန်ရှားပါလာကြောင်း၊ ကားတစ်စီးချင်း၏ တန်ဖိုးထက် ရှေးဟောင်းအမွေအနှစ်တန်ဖိုးမှာ ပို၍ မြင့်မားကြောင်း သိရသည်။

ရှေးဟောင်းကားများကို ထိန်းသိမ်းကြခြင်းဖြင့် ကားများ၏ တန်ဖိုးထိန်းသိမ်းသွားသင့်သည်။ ကားတစ်စီး၏ တန်ဖိုးသည် အမှန်တကယ် ဈေးနှုန်းတန်ဖိုးထက် ကားစီးသူ၊ ကားအသုံးပြုသူများ၏ အမြတ်တနိုးတန်ဖိုးထားထိန်းသိမ်းမှုသည်လည်း အရေးကြီးကြောင်း သိရသည်။

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ **(မိုး/ဇလ)**

တရုတ်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၇ ခုနှစ်တွင် ကျရောက်သော တရုတ်ရိုးရာ (ချွန်းကျဲ့) နှစ်သစ်ကူးပွဲတော်ကို မြန်မာနိုင်ငံရှိ အလွှာပေါင်းစုံ တရုတ်အမျိုးသားများက ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် တရုတ်တန်း မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း ရှေ့မျက်နှာစာ၌ ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပြီး နတ်မင်းကြီးသုံးပါးက နှစ်သစ်ကူးဆုတောင်းစကားများ ပြောကြားပေးသည်။ ယင်းနောက် ခြင်္သေ့နှင့် နဂါးအကများဖြင့် နှစ်သစ်ကူးဂါရဝပြု ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

တစ်ဖန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ နာယက

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယက သူရဦးတင်ဦး နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားစဉ်

သူရဦးတင်ဦးက မြန်မာ-တရုတ် ဆက်ဆံရေးသည် ၁၇ ရာစုကတည်းက မြန်မာနိုင်ငံသို့ တရုတ်လူမျိုးများ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လာချိန်မှစပြီး တရုတ်လူမျိုးများ၏ နေထိုင်မှုဓလေ့ထုံးစံများ တိုးတက်ခဲ့ကြောင်း၊ အလှူအတန်း၊ ဘာသာ၊ ယဉ်ကျေးမှုများ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း၊ မြန်မာ-တရုတ် ဆက်ဆံရေးသည် ဆက်လက်တိုးတက်မည့် အလားလာဖြစ်ကြောင်း စသည်ဖြင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်ကလည်း မြန်မာ-တရုတ်ဆက်ဆံရေးသည် ရွှေကြက်ဖခြေလှမ်းကဲ့သို့ မှန်မှန်တိုးတက်လာပြီး နှစ်နိုင်ငံပြည်သူကို ပိုမိုအကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိရန် မျှော်လင့်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံသည် လူမျိုး၊ ဘာသာ၊ အယူအဆ၊ အသားအရောင်ခွဲခြားမှုမရှိဘဲ ညီညီညွတ်ညွတ် စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အခြားလူမျိုးများ၏ နှစ်သစ်ကူးပွဲတော်များကို ကျင်းပခွင့်ပြု၍ အသိအမှတ်ပြုနေသကဲ့သို့ မြန်မာနိုင်ငံဖွား တရုတ်လူမျိုးများ၏ နှစ်သစ်ကူးပွဲတော်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်လူမျိုးများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် "မင်္ဂလာရွှေကြက်စီးပွားတက် ချွန်းကျဲ့နှစ်ကူးလာဘ်ရွှင်မြူး" ဆိုသည့်အတိုင်း တရုတ်လူမျိုးတို့၏ ကြက်နှစ်-နှစ်သစ်ကူးအခါသမယကို တက်ရောက်လာသော ဧည့်သည်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမှတ်တရ ဓာတ်ပုံရိုက်ကာ ရွှေတိဂုံဘုရားလမ်းနှင့် သိမ်ကြီးဈေး၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ကြီးဈေးလမ်း တစ်လျှောက်တို့တွင် ဖွင့်လှစ်ထားသော မုန့်ဦး ငါးခုကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်ခုချင်းစီ လှည့်လည်စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ကျင်းပသော တရုတ်နှစ်သစ်ကူးပွဲတော်တွင် လမ်းတစ်လျှောက် တရုတ်ရိုးရာနဂါးအက ဖျော်ဖြေတင်ဆက်မှုများ၊ စတုဒိသာ ကျွေးမွေးခြင်းများဖြင့် တိုးမပေါက်အောင် စည်ကားလှပြီး မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် အစည်ကားဆုံး တရုတ်နှစ်သစ်ကူးပွဲတော်ဖြစ်သည်။

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကူးစက်ရောဂါသင့် နာဂလူမျိုးများကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ကူးစက်ရောဂါသင့် နာဂလူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ကဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နာဂဒေသတွင် ကူးစက်မြန်ရောဂါ ဖြစ်ပွားစဉ်က သွားရောက် ကူညီထောက်ပံ့မှုနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေးခဲ့သည့်အပေါ် ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးခင်ရွှေက ထပ်ဆင့် အမှာစကားပြောကြားပြီး နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဗဟိုနာယက ဦးမြတ်ကိုက နာဂဒေသနှင့် လူမျိုးအကြောင်း အကျဉ်းတင်ပြခြင်းနှင့် နာဂတိုင်းရင်းသူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မာရီကိုးလ်က ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။

ထို့နောက် နာဂရိုးရာ ဟစိတ် အကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ကူးစက်ကပ်ဆိုးရောဂါ ခံစားရသော နာဂလူမျိုးများ၏ မှတ်တမ်းဗီဒီယိုကို ပြသခြင်း၊ သာဒီးလူ က ပရဟိတ တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ နာဂရိုးရာမျိုးနွယ်စု ခုနစ်စု၏ ဝတ်စားဆင်ယင်မှုအား တင်ဆက်ခြင်း၊ နာဂတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ နာဂဒေသလူမှုဘဝ အခြေအနေ မှတ်တမ်းဗီဒီယို (Documentary) တင်ဆက်ပြသခြင်းနှင့် ပါရာမျိုးနွယ်စုအကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့အပြင် နာဂရိုးရာ အကအဖွဲ့(ရန်ကုန်)က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပွဲတွင် နာဂတောင်တန်းဒေသမှ ရိုးရာအကအဖွဲ့များ၏ လှပထူးခြားဆန်းပြားသော အကများဖြင့် တင်ဆက် ဖျော်ဖြေခြင်းများအပြင် နိုင်ငံကျော်ဂီတ၊ ရုပ်ရှင်အနုပညာရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေခြင်းများနှင့် ယဉ်ကျေးမှုရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ခေတ်မီ ဆန်းသစ်သော (Modernize) ပြုလုပ်ထားသည့် နာဂရိုးရာအဆင် အထည်များကို နာမည်ကြီး Super Models များက သရုပ်ပြဝတ်ဆင်ကာ ပါဝင်ကူညီ အားဖြည့်ပေးခဲ့ကြကြောင်း သိရသည်။

သတင်း-ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)

ရေမြေအဆုံးနေရာထိအောင် အနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ Goethe Institut၊ အနော်မာအနုပညာအုပ်စုနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဂျာမန်အနုပညာရှင် Wolfgang Laib "ရေမြေအဆုံးနေရာထိတိုင်အောင်" ခေါင်းစဉ်ဖြင့် ခင်းကျင်းပြသသည့် အနုပညာပြပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)၌ ၁၅ ရက်မြောက်နေ့အဖြစ် ယနေ့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ခင်းကျင်းပြသရာ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် ဂျာမန်အနုပညာရှင် Wolfgang Laib ကိုယ်တိုင်ပန်းချီနှင့် ပန်းပု အနုပညာတို့ ပေါင်းစပ်တီထွင်သရုပ်ဖော်ထားသည့် အနုပညာပြကွက်များကို ခင်းကျင်းပြသထားသည်။ ပြပွဲကို ဖေဖော်ဝါရီ ၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ အများပြည်သူများအား အခမဲ့ဆက်လက်ပြသသွားမည်ဖြစ်ကြောင်းနှင့် သိမ်ဖြူလမ်းဝန်ကြီးများရုံး(တောင်ဘက်ခြမ်းဝင်ပေါက်)မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ကိုချစ်

မြန်မာတက်ကျသံ(၁)

မောင်ခင်မင်(ဓနုဖြူ)

“ ဆရာက သရအကြောင်းပြီးပြီလို့ အရင်အပတ်ကပြောလိုက်လို့ ဒီအပတ်မှာ အကြောင်းအရာသစ် နားထောင်ရအောင် သမီးတို့လာကြတာပါ ဆရာ”

“အင်း... ပြောလက်စမကုန်သေးတော့ ဆက်ပြောရမှာပေါ့လေ။ မြန်မာသရတွေကို တက်ကျသံ သုံးသံနဲ့ပွားရင် ဘယ်နှသံရှိတယ်ဆိုတာ မှတ်မိတယ်မဟုတ်လား”

“ မှတ်မိပါတယ်။ သရသံ ၅၀ ရှိပါတယ် ဆရာ”

“ အဲဒီတက်ကျသံအကြောင်း ဒီတစ်ပတ်စပြောကြတာပေါ့”

“ ဟုတ်ကဲ့ပါ ဆရာ”

“အရင်ပြောခဲ့တဲ့ပုံစံအတိုင်းမြန်မာတက်ကျသံတွေကို ထုံးတမ်းစဉ်လာအရ ဘယ်လိုဖော်ပြတယ်၊ ဘာသာဗေဒအမြင်အရ ဘယ်လိုဖော်ပြတယ်ဆိုတာ ခွဲကြည့်ကြတာပေါ့”

“ ဟုတ်ကဲ့၊ ပြောပြပါ ဆရာ”

“ ဆရာပြောခဲ့တဲ့အတိုင်းပဲ။ အခုပြောတဲ့ တက်ကျသံတွေကို ဆရာတို့၊ သားတို့၊ သမီးတို့ကျောင်းမှာ မြန်မာစာ စသင်ကတည်းက ရင်းနှီးခဲ့ကြတာလေ”

“ ဟုတ်ကဲ့ပါ”

“စာစသင်ကတည်းက ‘ ကကြီးရေးက၊ ကကြီးရေးချကာ၊ ကကြီးရေးချဝစ္စနှစ်လုံးပေါက်ကား ’၊ ‘က-ကာ-ကား ’ လို့အော်ဟစ်ဆိုခဲ့ကြရတာမဟုတ်လား။ အဲဒါတက်ကျသံသုံးသံပဲပေါ့ကွယ်”

“ ဒါဆို ‘ ကု-ကူ-ကူး၊ တော့-တော်-တော၊ ပန့်-ပန်-ပန်း’ ဆိုတဲ့ သုံးသံတွဲတွေလည်း အားလုံးတက်ကျသံတွေပဲပေါ့နော် ဆရာ”

“ ဟုတ်တာပေါ့။ ခုပြောခဲ့တဲ့ စကားတွေကို ကြည့်ရင် က ရယ် ကာ ရယ် ကား ရယ် အဓိပ္ပာယ်မတူတာတွေမှာပါ။ ‘ ကတယ်’၊ ‘ ကာလေ’၊ ‘ ကားတယ်’ လို့ ပြောရင် ဒီစကားလုံးတွေ အဓိပ္ပာယ် တူသလား၊ မတူသလား ချက်ချင်းသိပါတယ်”

“ အဓိပ္ပာယ် မတူပါဘူး ဆရာ”

“ အဲဒီလို တက်ကျသံမတူလို့ စကားလုံးအဓိပ္ပာယ်မတူတဲ့ ဘာသာစကားတွေကို တက်ကျသံဘာသာစကားလို့ခေါ်တယ်။ မြန်မာစကားဟာ တက်ကျသံဘာသာစကားတစ်ခုပဲ”

“ ဟုတ်ကဲ့ပါ”

“ ဒါက ဘာသာဗေဒအမြင်အရ ခေါ်တာပေါ့။ အဲဒီ တက်ကျသံသုံးသံကို ထုံးတမ်းစဉ်လာအရ ခွဲခြားခေါ်ပုံရှိတယ်။ က-ကာ-ကား ကိုပဲ ပုံစံပြပါ့မယ်။ ‘ က ’ ကို အောက်မြစ်သံလို့ ခေါ်တယ်။ ‘က’ လို့ ရေးတာ အောက်မြစ် မပါပေမယ့် ‘က့’ ကို အောက်မြစ်နဲ့ရေးတဲ့ အသံနဲ့ အတူတူပဲလေ။ အဲဒီလိုပဲ၊ ‘ သူ့၊ ပန့်၊ တော့၊ စောင့်’ ဆိုတဲ့ အသံတွေ အားလုံးအောက်မြစ် သံတွေပဲ၊ အ-မြစ်သံလို့လည်းခေါ်တယ်။ ပုဂံခေတ်တုန်းက အဲဒီ အသံအတွက် စာလုံးအောက်က ‘ အ’ ကလေးထည့်ရေး လေ့ရှိတယ်”

‘ နှင်္ဂ ’ ဆိုတာမျိုးပေါ့။ အသံတိုသွားအောင် ‘ အ’ နဲ့ တားမြစ်လိုက်လို့ အ-မြစ်ခေါ်တယ်။ နောက်ကျတော့ ‘ နှင့်’ ဆိုပြီး အစက်ကလေးဖြစ်သွားတာပေါ့။ ‘ကာ’ ကျတော့ ရိုးရိုးအသံပေါ့။ အောက်မြစ်လည်းမပါဘူး။ ဝစ္စပေါက်လည်းမပါဘူး။ ရိုးရိုးပဲ။ တချို့က ‘ သက်သက်သောအသံ’ လို့ခေါ်တယ်။ ‘ ကား’ ကျတော့ ဝစ္စပေါက်သံပေါ့။ ဒါကြောင့် တက်ကျသံသုံးသံကို အောက်မြစ်သံ၊ ရိုးရိုးသံ၊ ဝစ္စပေါက်သံလို့ ခွဲခြားခေါ်ကြတယ်”

“ ဟုတ်ကဲ့ပါ”

“ မြန်မာကဗျာဖွဲ့နည်းတွေမှာ ခေါ်တဲ့အခေါ်လည်းရှိတယ်။ မှတ်သားဖို့ကောင်းတယ်။ ကကို သံလတ်၊ ကာကို သံလွင်၊ ကားကို သံလေးလို့ ခေါ်တယ်။ သံလတ်ဆိုတာ အလယ်အလတ် အသံပေါ့။ သံလွင်ဆိုတာ ချိုလွင်နေတဲ့ အသံပေါ့။ သံလေးဆိုတာ လေးလေးပင်ပင်အသံပေါ့”

“ ဟုတ်ကဲ့ပါ”

“ ဒါဆိုရင် သံလတ်ကို နောက်တစ်မျိုး ဘယ်လိုခေါ်နိုင်သလဲ”

“ အောက်မြစ်သံလို့ခေါ်နိုင်ပါတယ် ဆရာ”

“ ‘သံလွင်’ ကိုရော”

“ သံလွင်က ရိုးရိုးအသံပါ”

“သံလေးကရော”

“ ဝစ္စပေါက်သံပါဆရာ”

“ ဒီတော့ ခုပြောခဲ့တဲ့တိုင်း ဒီနှစ်မျိုးဟာ အခေါ်မတူပေမယ့်၊ သဘောချင်းအတူတူပဲလို့ မှတ်ထားပေါ့ကွယ်”

“ ဟုတ်ကဲ့ပါ”

“ အရင်လည်းပြောဖူးပါတယ်။ အောက်မြစ်သံ၊ ဝစ္စပေါက်သံခေါ်တာက ယေဘုယျသဘောအရခေါ်တာ။ တချို့စာလုံးတွေကျတော့ အောက်မြစ်မပါပေမယ့် အသံအနေအထားက အောက်မြစ်သံနဲ့အတူတူပဲလေ။ ‘ က၊ ကိ၊ ကု၊ ကပ်၊ ကိတ်’ ဆိုတဲ့အသံတွေ နားထောင်ကြည့်ပါ့လား။ ‘ပန့်၊ သု၊ လေ့’ ဆိုတဲ့ အသံတွေနဲ့ အနိမ့်အမြင့်အနေအထားချင်း အတူတူပဲလေ။ တံခါးခေါက်တဲ့အခါ ‘ ဒေါက်၊ ဒေါက်’ လို့ မြည်တဲ့အသံမျိုး၊ လက်ဝါးနဲ့ ရိုက်တဲ့အခါ ‘ ဖတ်’ လို့ မြည်တဲ့အသံမျိုး၊ ‘ ဒုတ်၊ ဒုတ်’ လို့ ထုတဲ့အသံမျိုး။ အဲဒါ အောက်မြစ်သံ၊ သံလတ်ပဲ”

“ နားလည်ပါပြီ ဆရာ”

“ အဲဒီလိုပဲ။ ဝစ္စပေါက်မပါပေမယ့် ‘ သော’၊ ‘ တော’ ဆိုတဲ့ အသံတွေက ‘ ကား၊ ကေး’ဆိုတဲ့ ဝစ္စပေါက်အသံတွေနဲ့ အတူတူပဲ။ လေးလေးပင်ပင်ကြားတဲ့ ‘ဒုန်း၊ ဒိုင်း၊ ဂွမ်း၊ ဖြန်း’ ဆိုတဲ့ အသံမျိုးတွေလေ။ သံလေးတွေပေါ့၊ ဝစ္စပေါက်သံတွေပေါ့”

“ဟုတ်ကဲ့ပါ”

“သံလွင်ကတော့ ချိုချိုလွင်လွင်အသံပေါ့။ ‘နောင်’၊ ‘ဒူဝေဝေ’၊ ‘ခြွင်ခြွင်’ ဆိုတဲ့အသံမျိုးတွေပဲ။ သံလွင်တွေပေါ့”

“တက်ကျသံတွေကို နားထောင်ပြီး နားနဲ့ခွဲခြားမှတ်တာ ပိုပြီးသဘာဝကျမယ်ထင်တယ်နော် ဆရာ”

“မှန်တယ်။ ကဲ...ကြေးစည်သံ ‘ဒူဝေဝေ’ ဆိုတာ သံလွင်၊ လက်သီးထိုးသံ ‘ခွပ်’ ဆိုတာ သံလတ်၊ ပြုတ်ကျတဲ့အသံ ‘ဝုန်း’ ဆိုတာ သံလေးလို့ခွဲခြားမှတ်ပေါ့ကွယ်”

“သဘောပေါက်ပါပြီ ဆရာ”

“ဘာသာဗေဒအမြင်အရ တက်ကျသံသဘောကို ဆက်ပြောရအောင်။ ပထမဆုံး အသံတွေရဲ့ အခြေခံသဘောကို ကြည့်ကြမယ်။ ပါးစပ်ထဲက ထွက်လာတဲ့အသံဖြစ်ဖြစ်၊ သဘာဝအလျောက် မြည်လာတဲ့အသံဖြစ်ဖြစ် ထွက်လာတဲ့ အသံတွေဟာ တစ်ပြေးတည်းသွားရင် သွားမယ်၊ နိမ့်ရာက မြင့်ရာကို တက်ရင်တက်မယ်၊ မြင့်ရာကနိမ့်ရာကို ဆင်းရင်ဆင်းမယ်။ အခြေခံသဘာဝအရ ဒီသုံးမျိုးပဲရှိမယ် မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“လူတွေရဲ့စကားသံတွေလည်း အခြေခံကျကျကြည့်ရင် အဲဒီသုံးမျိုးဟာ အရင်းခံပဲ။ အဲဒီအသံတွေကို အင်္ဂလိပ်လို tone လို့ခေါ်တယ်။ မြန်မာလိုတော့ တက်ကျသံပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီတက်ကျသံတွေမှာ တက်လည်းမတက် ကျလည်းမကျတဲ့ တစ်ပြေးတည်းသွားတဲ့အသံမျိုးကို ‘သံပြေ’ လို့ ခေါ်တယ်။ Level tone ပေါ့”

“ဟုတ်ကဲ့ပါ”

“မြင့်ရာကနေနိမ့်ရာကိုဆင်းတဲ့အသံမျိုးကို ‘သက်သံ’ လို့ခေါ်တယ်။ သက်ဆိုတာ ‘ဆင်း’ တဲ့အဓိပ္ပာယ်ပါ။ Falling Tone ပေါ့”

“ဟုတ်ကဲ့ပါ”

“နိမ့်ရာကမြင့်ရာကိုတက်တဲ့အသံမျိုးကိုတော့ ‘တက်သံ’ လို့ခေါ်တယ်။ rising tone ပေါ့။ အဲဒါအခြေခံတက်ကျသံ သုံးမျိုးပဲ”

“ဟုတ်ကဲ့ ဆရာ”

“ဘာသာစကားတွေရဲ့ တက်ကျသံတွေကို သဒ္ဒဗေဒ ပညာရှင်တွေက လေ့လာရာမှာ ပိုပြီးတိကျအောင်အသေးစိတ်ထားတာရှိတယ်။ တက်ကျသံတစ်မျိုးစီကို ‘အမြင့်’၊ ‘အလယ်’ ‘ အနိမ့်’ ဆိုပြီး သုံးဆင့်စီထပ်ခွဲထားတယ်။ ဒီတော့ သံပြေမှာဆိုရင် ‘အမြင့်သံပြေ’၊ ‘အလယ်သံပြေ’၊ ‘အနိမ့်သံပြေ’ဆိုပြီး သုံးဆင့်ထပ်ကွဲတယ်။ အဲဒီလိုပဲ သက်သံမှာဆိုရင်လည်း ‘ အမြင့်သက်သံ’၊ ‘အလယ်သက်သံ’၊ ‘အနိမ့်သက်သံ’ ဆိုပြီး သုံးဆင့်တက်သံမှာ ဆိုရင်လည်း ‘အမြင့်တက်သံ၊ ‘အလယ်တက်သံ’၊ ‘အနိမ့်တက်သံ’ ဆိုပြီး သုံးဆင့်ထပ်ကွဲတယ်”

“တော်တော်အသေးစိတ်တာပဲနော်”

“ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားတွေအားလုံး တက်ကျသံ ဘာသာစကားချည်းမဟုတ်ဘူး။ မြန်မာစကားအပါအဝင် ဘာသာစကားတော်တော်များများက တက်ကျသံဘာသာစကားတွေပဲ။ tone language လို့ ခေါ်တာပေါ့”

“သိသာအောင်ယှဉ်ပြရရင် အင်္ဂလိပ်စကားက တက်ကျသံ ဘာသာစကားမဟုတ်ဘူး။ အင်္ဂလိပ်စကားမှာ စကားလုံးတွေကို တက်ကျသံပြောင်းပြီး ပြောပေမယ့် စကားလုံးအဓိပ္ပာယ် မပြောင်းဘူးလေ”

“သာဓကလေးပြောပြပါ ဆရာ”

“ ‘go’ ဆိုတဲ့စကားကို တစ်ပြေးတည်းအသံနဲ့ပဲပြောပြော၊ အသံမြှင့်ပြီး တက်သံနဲ့ပဲ ပြောပြော၊ အသံချပြီး တက်သံနဲ့ပဲ ပြောပြော အဲဒီစကားလုံးရဲ့ ‘သွားတယ်’ ဆိုတဲ့အဓိပ္ပာယ် ပြောင်းမသွားဘူးလေ”

“ဟုတ်ပါတယ် ဆရာ”

“ကဲ...မြန်မာစကားကိုကြည့်။ ‘ပေါ့တယ်’ ဆိုတဲ့စကားကို တက်ကျသံပြောင်းပြီး ‘ပေါတယ်’လို့ပြောရင် အဓိပ္ပာယ်တူသေးသလား”

“မတူပါဘူး ဆရာ”

“ ‘ပေါ်တယ်’ လို့ပြောရင်ရော၊ အဓိပ္ပာယ်တူသေးသလား”

“မတူပါဘူး ဆရာ”

“ဒီစကားလုံးတွေရဲ့ဗျည်းနဲ့သရက အတူတူပဲ၊ တက်ကျသံပြောင်းရုံနဲ့ စကားလုံးအဓိပ္ပာယ် ပြောင်းသွားတယ်မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“အဲဒီလိုတက်ကျသံဘာသာစကားတွေရဲ့ တက်ကျသံတွေကို ပညာရှင်တွေက ခုနပြောတဲ့ တက်ကျသံသုံးမျိုး၊ သုံးဆင့်ထပ်ခွဲပြီး အဆင့်ကိုးမျိုးနဲ့သရုပ်ဖော်ကြတယ်။ မြန်မာစကားမှာ အခုတွေ့တဲ့အတိုင်း တက်ကျသံသုံးမျိုးရှိတာတွေ့ရတယ်။ တချို့ကလည်း လေးမျိုးလို့ယူဆကြတယ်။ နောက်ဆက်ပြီး ပြောပါ့မယ်။ တချို့ဘာသာစကားတွေကျတော့ တက်ကျသံငါးမျိုး၊ ခုနစ်မျိုး၊ ရှစ်မျိုးဆိုတာတွေအထိ ကွဲပြားကြတယ်။ အခြေခံကတော့ ခုနပြောတဲ့ အသံသုံးမျိုးကို အခြေခံတာချည်းပါပဲ။ ဒါက မြန်မာဘာသာစကားရဲ့တက်ကျသံတွေအကြောင်းမပြောခင် တက်ကျသံရဲ့အခြေခံသဘောကို ဖြန့်ပြီးပြောပြတာပါ။ ကဲ...ဆက်ပြောကြသေးတာပေါ့”

ဘာသာဗေဒအမြင်အရ တက်ကျသံသဘောကို ဆက်ပြောရအောင်။ ပထမဆုံး အသံတွေရဲ့အခြေခံသဘောကို ကြည့်ကြမယ်။ ပါးစပ်ထဲက ထွက်လာတဲ့ အသံဖြစ်ဖြစ်၊ သဘာဝအလျောက် မြည်လာတဲ့အသံဖြစ်ဖြစ် ထွက်လာတဲ့ အသံတွေဟာ တစ်ပြေးတည်းသွားရင် သွားမယ်၊ နိမ့်ရာက မြင့်ရာကို တက်ရင်တက်မယ်၊ မြင့်ရာကနိမ့်ရာကို ဆင်းရင်ဆင်းမယ်။ အခြေခံသဘာဝအရ ဒီသုံးမျိုးပဲရှိ

အမျိုးသားအဆင့် မြန်မာနိုင်ငံ UN-REDD အစီအစဉ်အား မိတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် UN-REDD Programme တို့ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် မြန်မာနိုင်ငံ UN-REDD အစီအစဉ် မိတ်ဆက်အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု အမျိုးမျိုးဖြစ်ပေါ်စေသလို ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ လူမှုစီးပွားနှင့် ဆက်စပ်ကဏ္ဍများပေါ်တွင် လည်း သက်ရောက်နိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် စိန်ခေါ်မှုအသစ်အဖြစ် ပို၍ထင်ရှားပြီး အထူးသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများတွင် ပိုမိုပြင်းထန်လာပြီး အကြိမ်ရေ စိပ်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းမှုကို လျှော့ချပြီး ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာအောင် လုပ်ဆောင်နိုင်သည့် အလားအလာမှာ တခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြင့်မားလာသည်ကိုတွေ့ရကြောင်း၊ ၂၀၁၃ ခုနှစ်တွင် UN-REDD အစီအစဉ်၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် REDD+ လမ်းပြမြေပုံကို ရေးဆွဲပြီး ယခုအခါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ရာတွင်လည်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP) တို့၏ အကူအညီ၊ နည်းပညာကျွမ်းကျင်မှုတို့ကို ရယူပြီး လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ UNFCCC အောက်ရှိ REDD+ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် အမျိုးသားအဆင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းပညာ၊ ဥပဒေရေးရာနှင့် လူမှုရေးစနစ်များကို တည်ထောင်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး target တွင်သစ်တောနှင့် မြေယာအသုံးပြုမှုပြောင်းလဲခြင်း ဆက်နွယ်သော target များပါဝင်ပြီး ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတွင်လည်း ပါဝင်ကူညီနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ တက်ရောက်လာသူများမှ အစီအစဉ်ကြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ အစီအစဉ်အရ Mr. Peter Batchelor, Country Director,UNDPနှင့် Ms.Xiaojie Fan, Country Representative, FAO တို့က အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများမှ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နန်းခလဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်း

သုံးခွ ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကိုရီးယားနိုင်ငံ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုံ (SMU) ကျေးရွာသစ်စီမံကိန်းကို နန်းခလဲကျေးရွာ၌ ဇန်နဝါရီလမှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် (SMU) ကော်မတီဥက္ကဋ္ဌ ဦးအေးသွင်ဦးဆောင်၍ အရှည်ပေ ၈၃၀ ၊ အကျယ် ခြောက်ပေ၊ ထု ခြောက်လက်မရှိ ရွာတွင်းပြည်တော်သာလမ်း ကွန်ကရစ်လမ်း ခင်းကျင်းခြင်းကို ဇန်နဝါရီ၂၇ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းတို့က စာအုပ်၊ စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Books Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း၊ စာအုပ်ဈေးတန်းကို ဖွင့်လှစ်ရောင်းချလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ကာ စာအုပ်လာရောက်ဝယ်ယူသူ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

စာအုပ်ဈေးတန်းတွင် စာပေချစ်မြတ်နိုးသူ စာဖတ်ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ အဟောင်း၊ အသစ်စာအုပ်မျိုးစုံများ၊ ရှားပါးသည့် သမိုင်းဝင်စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာသုတ၊ ရသစာအုပ်များ၊ ဆေးပညာဆိုင်ရာစီဒီခွေများ၊ မြန်မာ့အနုပညာရုပ်သေးရုပ်၊ ဇီးကွက်၊ ပစ်တိုင်းထောင်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်စသည့်အပြင် ဘောင်သွင်းထားသည့် လက်ရေးပန်းချီကားများ၊ လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

အချို့ စာအုပ်ဆိုင်များတွင် ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် စာပေတန်ဖိုးမဖြတ်နိုင်သည့် အသိပညာ၊ ဗဟုသုတတိုးပွားစေမည့် စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ယခင်အပတ်စဉ် စနေ-တနင်္ဂနွေနေ့များနည်းတူ ယနေ့တွင်လည်း ဆိုင်ခန်းပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချနေရာ စာပေချစ်မြတ်နိုးသူများသည် နံနက်ပိုင်းရောင်းချအချိန်မှစ၍ ဝယ်ယူအားပေးကြကာ စာအုပ်ဆိုင်များတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။

သတင်း-ဇော်မင်းလတ်

ဓာတ်ပုံ-ကိုကိုဇော်

ကလေးစာပေပွဲတော်တွင် ဆေးရောင်ခြယ်နှင့် စကားပုံဆက်ပြိုင်ပွဲများကို စိတ်ဝင်တစားယှဉ်ပြိုင်

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) ၌ ကျင်းပလျက်ရှိသည့် ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများအနက် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ကလေးများ အထူးစိတ်ဝင်တစား ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲတစ်ကြိမ်လျှင် ကလေးငယ် ၂၇ ဦး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

“ဒီပြိုင်ပွဲက ကလေးငယ်တွေရဲ့အလှအပအပေါ်မှာထားတဲ့ စိတ်ကူးအကြံဉာဏ်တွေကို စမ်းသပ်တဲ့ပြိုင်ပွဲတစ်ခုပါပဲ။ ဝင်ရောက်ယှဉ်ပြိုင်သူ ကလေးငယ်အားလုံးကို ဗလာစာအုပ်လက်ဆောင်တွေ ချက်ချင်းပေးလိုက်ပြီး ဆန်ခါတင်ဆုရှစ်ဆုကိုတော့ ပွဲတော်နောက်ဆုံးနေ့မှာ ချီးမြှင့်ပေးမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့ပြင် ကလေးများအတွက် ပုံတူရုပ်ပြောင်ရေးဆွဲပေးခြင်းနှင့် မျက်နှာဆေးရောင်ခြယ်ပေးခြင်းတို့ကိုလည်း ကလေးငယ်များ အထူးစိတ်ဝင်စားကြသည်။ စာအုပ်အရောင်းဆိုင်များတွင်လည်း ကလေးစာအုပ်များကို ဦးစားပေး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

စာပေမြင့်မှ လူမျိုးတင့်မည်

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ ဆက်လက်ဆင်နွှဲ

မန္တလေး ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ကို ယနေ့ဆက်လက်ကျင်းပရာ ကလေးများကျောင်းပိတ်ရက် စနေနေ့ဖြစ်၍ ပထမနေ့ကထက် ပိုမိုများပြားစွာ လာရောက်ဆင်နွှဲကြကြောင်း တွေ့ရသည်။

ပွဲတော်စတင်ကျင်းပသည့် နံနက် ၉ နာရီမှ ပွဲတော်သိမ်းချိန် ညနေ ၅ နာရီအထိ တစ်နေကုန်လာရောက်သူများ မစဲဘဲရှိရာ ယနေ့တွင် လေးသောင်းကျော်ရှိကြောင်း ခန့်မှန်းတွက်ချက်သူများထံမှသိရသည်။ ကျောင်းပိတ်ရက်ဖြစ်၍ မန္တလေးမြို့ပေါ်ရှိ ကလေးများသာမက မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း၊ ကလေးမိဘများက ၎င်းတို့၏ကလေးများကိုလည်းကောင်း ကလေးစာပေပွဲတော်သို့ လိုက်ပါပို့ဆောင်ပြီး ပါဝင်ဆင်နွှဲစေ၍ ယခုကဲ့သို့စည်ကားများပြားခဲ့ခြင်းဖြစ်သည်။

ပွဲတော်တွင် မန္တလေးမြို့ရှိ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ် ၃၈ ခုဖြင့် ဖျော်ဖြေတင်ဆက်ခြင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် ပုံပြောပြိုင်ပွဲ၊ မန္တလေးမြို့တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက အားတက်သရောပါဝင်ယှဉ်ပြိုင်ကြရာ ဒိုင်များက အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ဆုများပေးအပ်သွားမည်ဖြစ်သည်။

ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများ ပွဲတော်သို့လာရောက်သည့် ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည့် စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင်လည်းကောင်း၊ အုပ်စုလိုက် စည်းလုံးညီညွတ်စွာဖြင့် အပေးအယူမျှမျှတတဖြင့် ယှဉ်ပြိုင်ကစားရသည့် Team building game များတွင် ကလေးများ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပွဲစီစဉ်သူများက ပွဲစဉ်အလိုက် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စာပေဟောပြောပွဲတွင် ကဗျာဆရာမောင်နိုင်လင်း(ကောလင်း) က “နူးညံ့သောနှလုံးသားများ”ဖြင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာစိုးဘားဒိုင်က “ကလေးဖတ်ဖို့ ကလေးစာပေ လူကြီးဖတ်ဖို့ ကလေးစာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။ ဆရာသိုက်ထွန်းသက်၊ ဆရာမခင်သီတာလတ် (ရတနာပုံတက္ကသိုလ်) ဆရာမခရမ်းပြာ၊ ဆရာမဖြူဖြူဝင်း (မြန်မာစာ)တို့က “ကလေးတွေစာဖတ်ဖို့ စာကြည့်တိုက်ကိုအခြေခံစို့” ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ပွဲတော်တွင် လာရောက်ရောင်းချသည့် စာအုပ်အရောင်းဆိုင်များတွင် ပွဲတော်လာပရိသတ်များက များစွာဝယ်ယူကြရာ ပွဲသိမ်းပြီးချိန်အထိ ဝယ်ယူမှုများရှိနေကြောင်း သိရသည်။ ပွဲတော်တွင် နိုင်ငံတစ်ဝန်းလုံးမှ စာအုပ်အရောင်းဆိုင်ပေါင်း ၁၀၄ ဆိုင် လာရောက်ရောင်းချခဲ့ကြပြီး ပထမနေ့က ကျပ်သိန်းပေါင်း ၂၄၀ ကျော်ဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

သတင်း-အေးမြ (မန္တလေး)၊ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)

အပန်းဖြေစရာ စာဈေးတန်းမှာ ရှာလှည့်ပါ

သတင်းဆောင်းပါး - ကိုချစ်

ယနေ့ စနေနေ့။ အများပြည်သူအားလပ်ရက်၊ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့နှင့် ဗဟိုပုံနှိပ်တိုက်ရှေ့မျက်နှာစာတို့၌ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို နံနက်စောစောပိုင်းမှ စတင်ကာ လေးပတ်မြောက်အဖြစ် ဆက်လက်ဖွင့်လှစ်သည်။

စာအုပ်ဈေးတန်းတွင် စာပေမြတ်နိုးသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လေ့လာသူ၊ ဝယ်ယူသူ၊ လူကြီးလူငယ်လူရွယ် အရွယ်စုံများအပြင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များဖြင့်ပါ တစ်နေကုန်စည်ကားခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့) စာအုပ်ဈေးတန်း ပထမဆုံးဖွင့်စဉ်က စာအုပ်ဆိုင်ပေါင်း ၁၀၀ ခန့်သာရှိသည်။ စာချစ်သူများ၏ အားပေးမှုကြောင့် ယနေ့တွင် စာအုပ်ဆိုင်ပေါင်း ၁၇၀ ကျော် ရှိလာပြီဖြစ်သည်။ စာအုပ်ဆိုင်အရေအတွက်များလာသလို စာပေရနံ့သတင်းစကားပျံ့နှံ့မှုကြောင့် စာချစ်သူဦးရေသည်လည်း အပတ်စဉ်များလာသည်ကို ကြည်နူးဖွယ်ရာမြင်တွေ့ရသည်။

ကြည်နူးဖွယ်ရာမြင်ကွင်းကြောင့် ဦးဆောင်စီစဉ်သူများ၏ နှလုံးသားတွင် ဝမ်းသာကြည်နူးမှုအဟုန်စီးမျောနေမည်ဟု ယုံကြည်ပါသည်။ ရယူစားသုံး၍ မကုန်နိုင်သည့် စာပေဘဏ္ဍာတိုက်ကြီး ကိုယ့်အနီးအနားမှာ ဘွားခနဲ ပေါ်ထွန်းလာသည်ကို တွေ့မြင်လိုက်ရသည့် စာချစ်သူပြည်သူများကလည်း ဝမ်းမြောက်ကြည်နူးမှု ထပ်တူဖြစ်နေကြသည်ကို စာအုပ်ဈေးတန်းပေါ်က စာချစ်သူများ၏ လှုပ်ရှားမှုများက ပြဆိုနေပါသည်။

စာချစ်သူများအတွက် စိတ်အပန်းဖြေစရာ၊ အပန်းပြေနားခိုရာ၊ ရောင်စုံပွင့်သည့် စာပေပန်းဥယျာဉ်ကြီးဟူသော စာအုပ်ဈေးတန်းတွင် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံ (အသစ်အဟောင်း)တို့ကို လျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။ တစ်နေရာတည်း၊ တစ်ထိုင်တည်း စုစုစည်းစည်းရှိနေသည့် စာအုပ်မျိုးစုံကို အေးအေးလူလူ၊ နားနားနေနေ စိတ်တိုင်းကျဝယ်ယူနိုင်သည်။ စီစဉ်သူများ၏ ဉာဏ်အမြော်အမြင်စူးရှမှု၏ ရလဒ်ကောင်းပင်ဖြစ်သည်။

စာအုပ်ကောင်းကြိုက်သူများ စိတ်ကြိုက်ဝယ်ယူနိုင်သည့် စာအုပ်ဈေးတန်းတွင် ပြည်တွင်း ပြည်ပထုတ် မြန်မာ၊ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာစာအုပ်မျိုးစုံ အသစ် / အဟောင်းများ၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ဥပဒေရေးရာ၊ နည်းပညာဆိုင်ရာ၊ သမိုင်း၊ စွမ်းအင်၊ လူသားအရင်းအမြစ်၊ လူငယ်တက်ကျမ်း၊ လူချွန်လူမွန်တို့၏ အဆိုအမိန့်များ၊ အတ္ထုပ္ပတ္တိများ၊ စွယ်စုံကျမ်း၊ အဘိဓာန်မျိုးစုံ၊ စာရေးဆရာများ၏ လက်စွမ်းပြဝတ္ထု၊ မဂ္ဂဇင်းများ၊ ကလေးငယ်များအကြိုက် ပုံပြင်၊ ပန်းချီ၊ ကာတွန်းရုပ်ပြစာအုပ်များကို တစ်အုပ်ချင်း၊ တစ်တွဲချင်း၊ ပေါင်းချုပ် စသည်ဖြင့် မျိုးစုံစွာရှိရာ စာချစ်သူများလွတ်လပ်စွာ ဝယ်ယူအားပေးလျက်ရှိကြသည်။ အထူးသဖြင့် ရသစာပေအဟောင်း ဆိုင်တွင် လေ့လာဝယ်ယူသူများ ပိုမိုများပြားကြောင်း တွေ့ရသည်။

စာအုပ်စာတမ်းမျိုးစုံသာမက မြန်မာ့လက်မှုပညာ ငွေထည်ပစ္စည်းမျိုးစုံ၊ မြန်မာ့ရက်ထည်များ၊ မြန်မာမှုတံဆိပ်ရိုက်နှိပ်ထားသည့် စွပ်ကျယ်၊ လွယ်အိတ်၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရိုးရာကစားစရာအရုပ်ငယ်များကိုလည်း စာအုပ်ဈေးတန်းတွင် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

စာချစ်သူများ စာအုပ်ဈေးတန်းသို့လာစဉ် နားနေစားသောက်နိုင်ရန် အသင့်စားသောက်ဆိုင်များ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ အအေးမျိုးစုံရောင်းချပေးသည့် ဆိုင်များကလည်း စာအုပ်ဈေးတန်းအနီးနားတွင်ရှိကြသည်။ အမိုက်ပုံးများ၊ အမျိုးသမီးများအတွက် ရွေ့လျားမိုဘိုင်းရေအိမ်နှစ်လုံး၊ အမျိုးသားများအတွက် ရွေ့လျား မိုဘိုင်းရေအိမ်နှစ်လုံးကို ရောင်းသူ၊ ဝယ်သူများ၏ ဆန္ဒနှင့်အညီ ရေလုံလုံလောက်လောက်ဖြင့် အခမဲ့သုံးစွဲနိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း၊ စာအုပ်ဈေးတန်း စတင်ဖွင့်လှစ်သည့်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က “ဒီစာအုပ်ဈေးတန်းဖွင့်တဲ့အတွက် စာအုပ်စာပေ၊ စာဖတ်တဲ့သူ၊ ရေးတဲ့သူ၊ စာပေဆွေးနွေးပွဲတွေများလာမယ်။ ဒါဆိုတဖြည်းဖြည်းနဲ့ စာပေတိုးတက်ပါမယ်။ စာပေတိုးတက်လာသလို နိုင်ငံသားတွေအသိအမြင်ကြွယ်ဝလာမယ်။ အဲဒီလိုရည်ရွယ်ချက်နဲ့ စာပေဆိုင်ရာ ဆွေးနွေးပွဲ၊ နှီးနှောပွဲတွေလုပ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ စာအုပ်ဈေးရောင်းပွဲတွေ လုပ်တယ်”ဟု စာအုပ်ဈေးတန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အချို့ကို ပြောကြားခဲ့သည်ကို အမှတ်ရနေမိသည်။

ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်ဖြန့်ချိသူ၊ ကျောင်းသားကျောင်းသူ၊ မိဘပြည်သူများအကြား စာပေရနံ့သင်းပျံ့နေသည့် စာပေစာအုပ်ဈေးတန်းမြင်ကွင်းအရ ဦးဆောင်သူများ၏ ရည်ရွယ်ချက်များ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။

ယင်းကြောင့်ပင်လျှင် စာချစ်သူများကြား ပီတိသံများလွှမ်းမိုးနေခြင်းဖြစ်သည်။ ယင်းမှာ စာပေရနံ့သင်းသည့် စာပေပန်းဥယျာဉ်ကြီးအတွင်းသို့ စာပေချစ်သူ၊ စာပေမွေ့သူများ၊ မိဘ၊ဆရာသမားများ၊ ကျောင်းသား ကျောင်းသူများ စနေ-တနင်္ဂနွေနေ့တိုင်း လာရောက်နားခို၊ စာနဲ့ အပန်းဖြေလှည့်ကြပါ၊ ဘဝအတွက် အဖော်ကောင်း စာကောင်းပေမွန်ကို စာဈေးတန်းမှာ ရှာဖွေလှည့်ကြပါဟု ဖိတ်ခေါ်နေသယောင် ထင်ရသည်။

စာချစ်သူများအတွက် ရန်ကုန်စာအုပ်ဈေးလမ်း၊ စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီကုန်သည်အထိ အပတ်စဉ်စနေ-တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့မျက်နှာစာ၌ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ စာချစ်သူ မည်သူမဆို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သည်ဖြစ်ရာ ကျန်းမာရေး၊ စိတ်ချမ်းသာရေးတို့အတွက် စိတ်အာဟာရကို စာဈေးတန်းမှာလာရောက်ရှာလှည့်ပါဟုဖိတ်ခေါ်လိုက်ရပါသည်။

ကလေးစာပေပွဲတော် မန္တလေး(ဒုတိယနေ့) လာရောက်သူများ အထူးစည်ကား

မန္တလေး ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(မန္တလေး)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT) ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်(ဒုတိယနေ့)တွင် လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

"ကလေးစာပေပွဲတော် ဒုတိယနေ့မှာ အလွန်ပဲစည်ကားလျက်ရှိပါတယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လည်းဖြစ်တော့ လာရောက်လည်ပတ်သူတွေ အလွန်စည်ကားပါတယ်။ ပထမနေ့မှာ လာရောက်ကစားတဲ့ ကလေးတွေက ကစားရတာ အလွန်ပျော်စရာကောင်းတော့ သူတို့တတွေက ဒုတိယနေ့မှာလည်း လာရောက်ကစားကြတာတွေ့ရတယ်။ သူငယ်ချင်းတွေလည်း ခေါ်လာတဲ့အတွက် ပိုစည်ကားသွားတာပါ။ ဒီမှာက ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပြိုင်ပွဲတွေ၊ ဂိမ်းကစားတဲ့ကလေးများအတွက် စုံစုံလင်လင်ရှိတော့ လာရောက်တဲ့ ကလေးတိုင်း အလွန်ပျော်ကြတယ်၊ အလွန်ပဲစည်ကားပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြောသည်။

ကလေးစာပေပွဲတော်(မန္တလေး)ကို ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲ/ပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ ဂိမ်းကစားခြင်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ပြခန်းများ အစရှိသည်များကို ကလေးများအတွက် လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

အဆိုပါပြပွဲ မြေညီထပ်တွင် ဆရာကြီး မင်းသုဝဏ် ရေးသားခဲ့သည့် ကဗျာနှင့် ကလေးစာပေများပြခန်း၊ စာအုပ်ဈေးရောင်းပွဲတော်၊ 3D ပြပွဲ၊ မျက်လှည့်ပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ ရော်ဘာရွှံ့ရုပ်ပြုလုပ်ခြင်း၊ Team Building၊ Science Fair၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်း၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့၌ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအပြင် ပွဲတော်လာ ကလေးငယ်များကလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

ပထမထပ်တွင် မန္တလေးမြို့ရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကလေးစာကြည့်တိုက်ခင်းကျင်းပြသခြင်းနှင့် Power Ranger, Super Man ဇာတ်ကားများမှ ဇာတ်ကောင်များ၏ ရုပ်ပုံများ ပြသထားရှိသည်။

ဒုတိယထပ်၌ နံနက်ပိုင်း စာပေဟောပြောပွဲ အစီအစဉ်တွင် ကဗျာဆရာ မောင်နိုင်လင်း(ကောလင်း)က နူးညံ့သောနှလုံးသားများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ စိုးဘားဒိုင်က ကလေးဖတ်ဖို့ ကလေးစာပေ၊ လူကြီးဖတ်ဖို့ ကလေးစာပေခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကလေးတွေစာဖတ်ဖို့ စာကြည့်တိုက်ကို အခြေခံစို့ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဆရာသိုက်ထွန်းသက်၊ ဆရာမ ခင်သီတာလတ်(ရတနာပုံတက္ကသိုလ်)၊ ဆရာမ ခရမ်းပြာ၊ ဆရာ ညီညီဇော်နှင့် ဆရာမ ချိုချိုအေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများကလည်း ပါဝင်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

ရောင်စုံပန်းခင်းကြီးထဲမှာ လိပ်ပြာများ မြူးထူးပျံဝဲနေကြသလို စာပေပန်းခင်းကြီးမှာလည်း ကလေးငယ်များ ပျော်မြူးနေကြပြီ

"ကလေးစာပေပွဲတော် အကြောင်းကို တီဗွီနဲ့ သတင်းစာတွေမှာဖော်ပြနေတာ တွေ့ပေမယ့် ဒီလောက်ကြီး စည်ကားနေမယ်လို့ ထင်မထားမိဘူး။ တကယ်လာကြည့်တော့မှပဲ စာအုပ်ဆိုင်တန်းကြီးမှာ လူတွေပြည့်နေတဲ့အပြင် ကျွန်မသမီးနဲ့သားမှာ ဒီဟာကို ကြည့်ရမလို၊ ဟိုဟာကို ပြိုင်ရမလိုနဲ့ ရွေးချယ်စရာတွေများလွန်းလို့ ပျော်နေလိုက်ကြတာ၊ သူတို့ရဲ့အပျော်တွေက ကျွန်မဆီမှာတောင် ကူးစက်လာပါတယ်ရှင့်"ဟု သားနှင့်သမီးကို လက်ဆွဲကာ ကလေးစာပေပွဲတော်ကိုလိုက်ပို့သည့် မိခင်ဖြစ်သူ ဒေါ်နီနီအေးက ပွဲတော်၏မြင်ကွင်းကို ယခုကဲ့သို့ ဝမ်းသာအားရ ပြောကြားခဲ့သည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်ကြီးသို့ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘာကကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ကြွရွှင်လန်းစွာလာရောက်၍ စာပေဖတ်ရှုလေ့လာခြင်းများ၊ ပြိုင်ပွဲများနှင့် ကစားနည်းမျိုးစုံတို့တွင် ဝင်ရောက်ယှဉ်ပြိုင် ပျော်မြူးနေကြသည့် ပုံရိပ်များကို အမျိုးမျိုးတင်စားပြောဆိုနေကြသည်။

"ဒီစာပေပွဲတော်ကြီးမှာ ကလေးငယ်တွေပြည့်ပြီး သွက်လက်ပျော်ရွှင်နေကြတဲ့ ပုံရိပ်တွေဟာ ရောင်စုံပန်းခင်းကြီးထဲမှာ လိပ်ပြာအုပ်ကြီး ဝင်ရောက်မြူးထူးပျံဝဲနေကြသလိုမျိုးနဲ့ နှိုင်းယှဉ်မိပါတယ်"ဟု မန္တလေးမြို့ စာရေးဆရာတစ်ဦးက မှတ်ချက်ပြုပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပူးပေါင်းကျင်းပကာ Hepta mix အဖွဲ့က ဦးဆောင်၍ အခမ်းအနားအပြင်အဆင်နှင့် လိုအပ်သောကူညီထောက်ပံ့မှုများ ရရှိရန် ဆောင်ရွက်ပေးခဲ့ပြီး ယခုစာပေပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း Hepta mix အဖွဲ့ခေါင်းဆောင် ကိုကျော်ဝဏ္ဏဆွေက ပြောကြားသည်။

"ပွဲတော်ပထမနေ့မှာ ဖွင့်ပွဲအခမ်းအနားနဲ့ဖျော်ဖြေပွဲမှာ တက်ရောက်တဲ့ ကျောင်းသားကျောင်းသူတွေ၊ ဖိတ်ကြားထားတဲ့သူတွေအတွက် ထမင်းဘူး ၁၅၀၀၊ ရေသန့်ဘူးနဲ့ အချိုရည်ဘူးတွေကို ရွှေဘဲစားသောက်ဆိုင်က အကူအညီပေးတဲ့အပြင် နောက်ထပ်နှစ်ရက်မှာလည်း ထမင်းဘူး ၁၀၀၀ နဲ့ ရေသန့်အချိုရည်ဘူးတွေကိုလည်း ထပ်ပြီး ထောက်ပံ့ပေးမှာပါ။ ပွဲတော်လာပြည်သူတွေအားလုံးအတွက် အာရှအချိုရည်ဘူး တစ်သောင်းကို အဲဒီကုမ္ပဏီက ပွဲတော်ရက်အတွင်း နေ့စဉ်ကူညီပေးသွားမှာပါ။ ဒါ့အပြင် Lucky သောက်ရေသန့်ကလည်း ပွဲတော်ကာလအတွင်း ရေသန့်ဘူးတစ်သောင်းကို ဖြန့်ဝေပေးမှာပါ"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့အပြင် ပွဲတော်ကာလအတွင်း လာရောက်လေ့လာသူ အင်အားကို နှစ်သောင်း ခန့်မှန်းထားသော်လည်း ပွဲတော်ပထမနေ့၌ပင် နှစ်သောင်းခုနစ်ထောင်ကျော် ဝင်ရောက်လာကာ ဒုတိယရက်တွင် လေးသောင်းကျော် ဝင်ရောက်လျက်ရှိပြီး စာအုပ်အရောင်းဆိုင်ပေါင်းမှာလည်း ၁၀၄ ဆိုင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ပွဲတော်ပထမနေ့မှာပင် ငွေကျပ်သိန်းပေါင်း ၂၄၀ ကျော်ဖိုး ရောင်းချခဲ့ရကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားခဲ့သည်။

"ပွဲတော်ဖွင့်ချိန်က နံနက် ၉ နာရီဆိုပေမယ့် ၈ နာရီကတည်းက ပွဲတော်အဝင်လမ်းမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်နေတယ်။ ဒီပွဲတော်ရဲ့အောင်မြင်မှုကတော့ မျက်မြင်ပါပဲ။ ကျောင်းသားကျောင်းသူ မိဘပြည်သူအားလုံးသာမက စာအုပ်အရောင်းဆိုင်တွေလည်း ရောင်းအားကောင်းလို့ ပျော်ရွှင်နေကြတယ်။ ဘယ်လောက်အထိ စည်ကားသလဲဆိုရင် သင်္ကြန်ကာလ ကျုံးပတ်ပတ်လည်မှာ စည်ကားပျော်ရွှင်နေသလိုမျိုးကို ဖြစ်နေတယ်"ဟု ၎င်းက ပြောကြားသည်။

ယခုကျင်းပလျက်ရှိသည့် ကလေးစာပေပွဲတော်တွင် ရန်ကုန်မြို့မှ ဖွင့်လှစ်ရောင်းချသည့် နိုင်နိုင်စာအုပ်အရောင်းဆိုင်က "စာအုပ်လေးထောင်ယူလာတာ တစ်ရက်တည်းနဲ့ ကုန်သွားလို့ ထပ်မှာထားရတယ်။ ကျောင်းပေါင်းစုံက ကားတွေအသီးသီးနဲ့ စုစုစည်းစည်း အားတက်သရော လာကြတဲ့အပြင် မိဘတွေကလည်း ကလေးပူဆာသမျှ မငြိုမငြင် ဝယ်ပေးနေတဲ့မြင်ကွင်းက ကြည်နူးစရာပါပဲ"ဟု မှတ်ချက်ပြုခဲ့သည်။

ကျောင်းသား ကျောင်းသူများ လွတ်လပ်ပေါ့ပါး၍ ပျော်ရွှင်ကြည်နူးမှုပုံရိပ်များဖန်တီးပေးခြင်းသည် ၎င်းတို့၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်သဖြင့် အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အဆိုပါ ကလေးစာပေပွဲတော်အား ထပ်မံပုံဖော်ပေးရန် ကလေးငယ်များနှင့် မိဘဆရာများက မျှော်လင့်လျက်ရှိနေကြသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သားသားမီးမီးတို့ ပျော်ပျော်ရွှင်ရွှင်ဆင်ကာနွှဲတဲ့ ကလေးစာပေပွဲ

တစ်ယောက်တစ်လှည့် ပုံပြောကွယ့်

ရောင်စုံအလှ ဆေးခြယ်သ

စာအုပ်တွေလည်း ရွေးကြမယ်

လှုပ်လှုပ်ရှားရှားအားကစား

ကြည့်သူ၊ ဝယ်သူ စုံလင်စွာ ကလေးစာပေပွဲတော်မှာ

အရုပ်ဆက်ပြိုင်ပွဲ ကလေးတို့ဆင်နွှဲ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ လှုပ်ရှားမှုမြင်ကွင်းများ

စိတ်ဝင်တစား ရေးဆွဲမှာ ကာတွန်းရုပ်ပုံပါ

ပျော်ပျော်ရွှင်ရွှင် ဆေးခြယ်ပွဲ ကလေးများ ဆင်ကာနွှဲ

ဒုက္ခသည်များကိုကူညီရန် ကုလဒုက္ခသည်များဆိုင်ရာအေဂျင်စီ ကန်အားတိုက်တွန်း

ဂျီနီဗာ ဇန်နဝါရီ ၂၈

ဘေးကင်းလုံခြုံသော ပြန်လည်အခြေချနေထိုင်ရေးသည် အရေးကြီးသော အစီအစဉ်တစ်ရပ်ဖြစ်သောကြောင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများအဖွဲ့က ဇန်နဝါရီ ၂၈ ရက်က ထရန့်ဦးဆောင်သော အမေရိကန်အစိုးရအား စစ်ပွဲကြောင့်ထွက်ပြေးတိမ်းရှောင်လာသူများနှင့် နိုင်ငံရေးဖိနှိပ်မှုများကြောင့် သောကရောက်လာသူ ဒုက္ခသည်များကို ဆက်လက်ကူညီထောက်ပံ့ပေးရန် တိုက်တွန်းပြောကြားလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဒုက္ခသည်များဝင်ရောက်မှုကို လေးလကြာ ရပ်ဆိုင်းလိုက်သလို အမေရိကန်ပြည်ထောင်စုအား အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်တားဆီးရန်အတွက် ဆီးရီးယားနိုင်ငံနှင့် အခြားမွတ်စလင်အများစုနေထိုင်သည့် ခြောက်နိုင်ငံမှ ခရီးသွားများအား ခရီးသွားလာမှု ခေတ္တခဏ ပိတ်ပင်မှုပြုခဲ့ကြောင်း သိရသည်။

ခရီးသွားလာမှုရက်ပေါင်း ၉၀ ပိတ်ပင်လိုက်သော ခြောက်နိုင်ငံမှာ အီရတ်၊ အီရန်၊ ဆူဒန်၊ လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ ဒုက္ခသည်များ၊ ခရီးသွားများ၊ ရွှေ့ပြောင်းအခြေချသူများ ချိုးဖောက်ရန် ဟာကွက်မရှိသော စည်းမျဉ်းစည်းကမ်းများကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ရန်အတွက် လတ်တလောတွင် အမေရိကန်အစိုးရအနေဖြင့် အချိန်ကာလအတိုင်းအတာတစ်ခု လိုအပ်နေသေးကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများအဖွဲ့က ၎င်းတို့သည် ဘေးကင်းလုံခြုံသော ပြန်လည်အခြေချနေထိုင်ရေး အစီအစဉ်နှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဘေးကင်းလုံခြုံသော ပြန်လည်အခြေချနေထိုင်ရေးအစီအစဉ် ဖော်ဆောင်ပြီးပါက ဒုက္ခသည်များသည် ဘာသာလူမျိုးမခွဲဘဲတန်းတူညီမျှ အခွင့်အရေးရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီနှင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအခြေချသူများအဖွဲ့က ပြောခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီမှ ကမကထပြုသည့် ယင်းအစီအစဉ်တွင် နိုင်ငံပေါင်း ၃၀ ကျော် ပါဝင်ကြောင်း သိရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများအဖွဲ့က အမေရိကန်ပြည်ထောင်စုသည် ကောင်းမွန်သော ခေါင်းဆောင်မှုအပိုင်းကို ဦးဆောင်နိုင်ပြီး စစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများနှင့် နိုင်ငံရေးဖိနှိပ်မှုများကြောင့် သောကရောက်လာသူ ဒုက္ခသည်များကို ဆက်လက်ကူညီနိုင်မည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

နိုင်ငံများကြား တံတိုင်းကာရံရမည့်အချိန်မဟုတ်ကြောင်း အီရန်သမ္မတပြော

တီဟီရန် ဇန်နဝါရီ ၂၈

နိုင်ငံများကြား တံတိုင်းကာရံမှုပြုလုပ်ရမည့်အချိန်မဟုတ်ကြောင်း၊ ရှေ့တိုးလုပ်ဆောင်မည်ဆိုပါက ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီမှုများ ပျက်စီးသွားနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို ရည်ညွှန်းလျက် အီရန်သမ္မတ ဟက်စ်ဆန်ရူဟာနီက ဇန်နဝါရီ ၂၈ ရက်က ပြောခဲ့သည်။

တရားမဝင် ရွှေ့ပြောင်းအခြေချမှုကို ကာကွယ်တားဆီးရန် အမေရိကန်-မက္ကဆီကိုနယ်စပ်အား တံတိုင်းကာရံမည့်အမိန့်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်လိုက်သည်။

ယင်းသို့ လုပ်ဆောင်ခြင်းသည် ၎င်း၏မဲဆွယ်စည်းရုံးရေးကာလက ပေးခဲ့သော အရေးကြီးသည့် ကတိတစ်ခုအား အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ ယနေ့ခေတ်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား တံတိုင်းကာရံရမည့် အချိန်အခါမဟုတ်ကြောင်း၊ ဘာလင်တံတိုင်းသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက ပြိုကျခဲ့သည်ကို မမေ့သင့်ကြောင်း ရူဟာနီက အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ယနေ့အချိန်သည် ကုန်သွယ်မှုမှတစ်ဆင့် ကမ္ဘာ့တိုင်းပြည်အချင်းချင်းပိုမိုနီးကပ်လာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မိမိကိုယ်ကိုကာကွယ်မှုပြုလုပ်ချင်သောစိတ်ထားရှိသည့် ထရန့်သည် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေး သဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုအား ဇန်နဝါရီ ၂၃ ရက်က နုတ်ထွက်ခဲ့ပြီး ၂၀၁၅ ကုန်သွယ်ရေးသဘောတူညီချက်အား အဆုံးသတ်ခဲ့သည်။

ထရန့်၏ နောင်တော်ကြီး အမေရိကန်သမ္မတဟောင်း အိုဘားမားက အဆိုပါကုန်သွယ်ရေးသဘောတူညီချက်သည် နိုင်ငံခြားရေးမူဝါဒကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ **(ရိုက်တာ)**

နယ်စပ်တံတိုင်းကာရံခြင်းလူသိရှင်ကြားမလုပ်ရန် နှစ်နိုင်ငံခေါင်းဆောင်များသဘောတူ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၈

အမေရိကန်သမ္မတ ထရန့်က တရားမဝင် ရွှေ့ပြောင်းဒုက္ခသည်များ ဝင်ရောက်လာခြင်းကို ထိန်းသိမ်းရန်နှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်းအား တားဆီးရန် နယ်စပ်တံတိုင်းများ လိုအပ်ကြောင်း ပြောခဲ့သော်လည်း မက္ကဆီကိုနိုင်ငံသမ္မတ အန်းရစ်ပီနာနီတိုနှင့် အမေရိကန်နိုင်ငံသမ္မတဒေါ်နယ်ထရန့်တို့ ယမန်နေ့က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုပြီးနောက် နယ်စပ်တံတိုင်းကာရံခြင်းနှင့် ပတ်သက်၍ လူသိရှင်ကြား ငြင်းခုန်ဆွေးနွေးခြင်း မပြုရန် သဘောတူခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည့် အစီအစဉ်အား ပီနာနီတိုက ပယ်ဖျက်ပြီး တစ်ရက်အကြာတွင် နှစ်နိုင်ငံခေါင်းဆောင်များ ဖုန်းဖြင့် တစ်နာရီကြာ ဆွေးနွေးခဲ့ပြီးနောက် ထိုသို့သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတိုင်းတည်ဆောက်မှုကုန်ကျငွေပေးအပ်ခြင်းကဲ့သို့သော ထိလွယ်ရှလွယ် အခြေအနေများ လူသိရှင်ကြားဖြစ်သွားခြင်းကို နှစ်နိုင်ငံခေါင်းဆောင်များ ဝန်ခံခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေးအား မထိခိုက်စေဘဲ အဆိုပါသဘောထားမတိုက်ဆိုင်မှုများကို ဆွေးနွေးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖြေရှင်းသွားရန် သဘောတူခဲ့ကြကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် အဆိုပါကိစ္စအား လူသိရှင်ကြား ဆွေးနွေးခြင်းမပြုရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့သည် မက္ကဆီကိုနှင့်ပတ်သက်၍ အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြနေမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး၏အရေးကြီးမှု၊ မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းနှင့် တရားမဝင်လက်နက်များစီးဆင်းနေခြင်းတို့ကို အတူတကွတားဆီးရန် အပြုသဘောဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဆင်ဟွာ)

အီရတ်နှင့် ယီမင်ခရီးသွားများ နယူးယောက်သို့ ပျံသန်းမည့်လေယာဉ်ပေါ် တက်ရောက်ခွင့်မရ

ကိုင်ရို ဇန်နဝါရီ ၂၈

ယမန်နေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စုအား အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်တားဆီးရန်အတွက် ဆီးရီးယားနိုင်ငံနှင့် အခြားမွတ်စလင်အများစုနေထိုင်သည့် ခြောက်နိုင်ငံမှ ခရီးသွားများအား ခရီးသွားလာမှုခေတ္တခဏ ပိတ်ပင်မှုပြုခဲ့သောကြောင့် အီရတ်ခရီးသွားငါးဦးနှင့် ယီမင်ခရီးသွားတစ်ဦးတို့အား ကိုင်ရိုမှ နယူးယောက်သို့ ပျံသန်းထွက်ခွာမည့် အီဂျစ်လေကြောင်းလိုင်းလေယာဉ်ပေါ်သို့ တက်ရောက်ခွင့်မပြုဘဲ တားဆီးခဲ့ကြောင်း ကိုင်ရိုလေဆိပ်သတင်းအရင်းအမြစ်အရ သိရသည်။

တရားဝင်ပြည်ဝင်ခွင့်ဗီဇာများ ကိုင်ဆောင်ထားသော်လည်း ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ ဦးတည်ထွက်ခွာမည့် ခရီးသွားခြောက်ဦးအား အီဂျစ်လေကြောင်းလိုင်း လေယာဉ်အမှတ် ၉၈၅ ပေါ်သို့ တက်ရောက်ခွင့်မပြုဘဲ တားဆီးလိုက်ကြောင်း အဆိုပါလေဆိပ် သတင်းအရင်းအမြစ်က ဆိုသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စုအား အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်တားဆီးရန်အတွက် ဆီးရီးယား၊ အီရတ်၊ အီရန်၊ ဆူဒန်၊ လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်နိုင်ငံတို့မှ ခရီးသွားများကို ယာယီတားဆီးထားကြောင်း သိရသည်။

အမေရိကန် ဒုက္ခသည်ဆိုင်ရာအစီအစဉ်အရ ၎င်းခုနစ်နိုင်ငံမှာ အမေရိကန်နိုင်ငံတွင်းသို့ ဝင်ခွင့်ရ မရ မကျိန်းသေသေးကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

(ရိုက်တာ)

၂၀၂၀တွင် တရုတ် စွန့်ပစ်ပစ္စည်းတန် ၃၅၀ အား အသုံးပြုနိုင်မည်

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် စွန့်ပစ်ပစ္စည်းတန်သန်း ၃၅၀ အား ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်ကို စက်မှုနှင့်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ကုန်သွယ်ရေးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့်ပတ်သက်ပြီး အဆင့်မြင့်နည်းပညာများ တိုးတက်နေပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လာမည့် ၂၀၂၀ အရောက်တွင် တရုတ်နိုင်ငံအနေဖြင့် စွန့်ပစ်စတီး တန်သန်း ၁၅၀၊ သံဓာတ်မပါသောသတ္တု တန် ၁၈ သန်းတို့ကို နှစ်စဉ်နှစ်တိုင်း ပြန်လည်အသုံးပြုနိုင်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

အလင်းဆောင် အမှောင်ခွင်းတော့မယ့် တိုင်းရင်းသားတို့ကျေးရွာများ

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလိုင်း မဆက်သွယ်နိုင်သေးတဲ့ ကျေးလက်ဒေသတွေမှာ လျှပ်စစ်မီးရရှိဖို့ နိုင်ငံတော်အစိုးရက ကမ္ဘာ့ဘဏ်နှင့်ချိတ်ဆက်ပြီး အမျိုးသားလျှပ်စစ်စီမံကိန်းအနေနဲ့ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ ကရင်ပြည်နယ်က ကျေးရွာပေါင်း ၁၄၃ ရွာကို ဆိုလာမီးစနစ် တပ်ဆင်ပေးသွားတော့မှာဖြစ်ပါတယ်။

မြို့နဲ့အလှမ်းကွာဝေးတဲ့ ကျေးလက်နေတိုင်းရင်းသား ဖထီးတို့ အမိုးတို့၊ မောင်ကျော်တို့ အနော်တို့၊ ဖိုးခွားတို့ ဖိုးမူတို့လည်း ရေနံဆီမီးခွက်ခေတ် ဖယောင်းတိုင်ခေတ်တွေကိုကျော်လို့ ဆိုလာလျှပ်စစ်နဲ့ တီဗွီကြည့်၊ စာဖတ်၊ ဖုန်းအင်တာနက်တွေ ချိတ်ဆက်ပြီး ကမ္ဘာကြီးနဲ့စကားပြောနိုင်တော့မယ့်ခေတ် ရောက်လာပြီလို့ ဆိုရမှာပါ။

တိုင်းရင်းသားတွေရဲ့ ကျေးလက်ဒေသတွေမှာ ဆိုလာစနစ်နဲ့ မီးလင်းနိုင်ဖို့နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ပြည်သူအချိုးကျထည့်ဝင်ငွေတို့နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်လို့ ဆိုလာမီးစနစ်တပ်ဆင်မယ့် အိမ်ထောင်စုက အသုံးပြုမယ့် ဆိုလာပစ္စည်းများတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းငွေကြေးတော့ ထည့်ဝင်ရမှာဖြစ်ပါတယ်။ အလကား ပေးဝေလိုက်မယ်ဆိုရင်တော့ သောက်ရေသန့်ဘူးတောင် စေ့စေ့အောင်ပေးဖို့ မလွယ်ပါဘူး။ ကိုယ့်တန်ဖိုးငွေပါတဲ့ ကိုယ့်ပစ္စည်းကို တန်ဖိုးထားစေချင်တဲ့ ရည်ရွယ်ချက်လည်းပါတယ်။ ဒါ့အပြင် ၁၀ ရာခိုင်နှုန်း ထည့်ဝင်လိုက်ရတဲ့အတွက် ကိုယ့်ကျေးရွာ ကိုယ့်ဒေသမှာရှိတဲ့ ဘာသာရေးအဆောက်အအုံ၊ ကျန်းမာရေးဆေးပေးခန်း၊ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေကို အခမဲ့ တပ်ဆင်ပေးသွားမှာဖြစ်တဲ့အတွက် ကိုယ့်ထည့်လိုက်တဲ့ ၁၀ ရာခိုင်နှုန်းဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဖြစ်သွားတာပေါ့။

ကရင်ပြည်နယ်မှာ ဆိုလာမီးတပ်ဆင်ခွင့်တောင်းခံထားတဲ့ ကျေးရွာတွေက ပြည်သူတွေဟာ အရစ်ကျငွေ နှစ်ကြိမ်သွင်းထားပြီးဖြစ်လို့ ဆိုလာမီး အကောင်အထည် မမြင်ရသေးတဲ့အပေါ် ဟုတ်မှဟုတ်ပဲ့မလားဆိုတဲ့ စိုးရိမ်မှုလေးတွေရှိလာလို့ ၂၀၁၇ ဇန်နဝါရီ ၂၂ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ၂၉ ရွာက ကိုယ်စားလှယ်တွေနဲ့ တာဝန်ရှိသူတွေ တွေ့ဆုံပြီး ဆိုလာပစ္စည်းနမူနာတွေ ပြသရှင်းလင်းခဲ့ကြပါသေးတယ်

ကရင်ပြည်နယ်မှာ ဆိုလာမီးစနစ်လိုအပ်လို့ စာရင်းပေးသွင်းခဲ့ကြတဲ့ ရွာပေါင်း ၁၄၃ ရွာအတွက် အိမ်သုံးမီး ပါဝါအားတွေကတော့ ဝပ် ၃၀၊ ၄၅ ဝပ်၊ ဝပ် ၆၀ ဆိုပြီး သုံးမျိုးရွေးချယ်ခွင့်ရှိပါတယ်။ ဝပ် ၃၀ရဲ့တန်ဖိုးသင့်ငွေက သုံးစွဲမယ့် အိမ်ထောင်စုက ငွေသုံးသောင်းထည့်ဝင်ရမှာပါ။ ဆိုလာပြားရဲ့အရည်သွေးက ၁၀ နှစ် အာမခံရှိတယ်လို့ တာဝန်ရှိသူတွေက ပြောပါတယ်။

အခြားအဆောက်အအုံတွေအတွက် အသုံးပြုပေးမယ့် ဆိုလာပါဝါကတော့ ဘာသာရေးအဆောက်အအုံတွေအတွက် ဝပ် ၁၂၀၊ ဆေးပေးခန်းတွေအတွက် ၁၈၀ ဝပ်၊ မူလတန်းကျောင်းတွေအတွက် ဝပ် ၁၂၀၊ အလယ်တန်းကျောင်းတွေအတွက် ဝပ် ၃၇၀ နဲ့ အထက်တန်းကျောင်းတွေကိုတော့ ဝပ် ၄၇၅ အထိ အခမဲ့ တပ်ဆင်ပေးသွားမှာလည်း ဖြစ်ပါတယ်။

ကရင်ပြည်နယ်မှာ ဆိုလာမီးတပ်ဆင်ခွင့်တောင်းခံထားတဲ့ ကျေးရွာတွေက ပြည်သူတွေဟာ အရစ်ကျငွေ နှစ်ကြိမ်သွင်းထားပြီးဖြစ်လို့ ဆိုလာမီး အကောင်အထည် မမြင်ရသေးတဲ့ အပေါ် ဟုတ်မှဟုတ်ပဲ့မလားဆိုတဲ့ စိုးရိမ်မှုလေးတွေရှိလာလို့ ၂၀၁၇ ဇန်နဝါရီ ၂၂ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ၂၉ ရွာက ကိုယ်စားလှယ်တွေနဲ့ တာဝန်ရှိသူတွေ တွေ့ဆုံပြီး ဆိုလာပစ္စည်းနမူနာတွေ ပြသရှင်းလင်းခဲ့ကြပါသေးတယ်။

စိုးရိမ်ပူပန်သူတွေကို အပြစ်မပြောသာသလို တာဝန်ရှိသူတွေဘက်ကလည်း မမှားပါဘူး။ အမျိုးသားလျှပ်စစ်စီမံကိန်း ဆိုလာစနစ်အတွက် ဆောင်ရွက်ရာမှာ နိုင်ငံတကာပါဝင်ယှဉ်ပြိုင်တဲ့ (International Competitive Bidding –ICB) စနစ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရပြီး နိုင်ငံတကာနဲ့ ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးကောင်းပစ္စည်းများ ရရှိရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်နဲ့ ကျွမ်းကျင်ပညာရှင်တွေက အချိန် ယူစိစစ်ကြရတာပါ။

ကြာအင်းဆိပ်ကြီးတွေ့ဆုံပွဲတွင် ပြသခဲ့သော ဆိုလာပစ္စည်းနမူနာများ

ခုအချိန်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှာ အားလုံးစစ်ဆေး အတည်ပြုပြီးပါပြီ။ အစမ်းတပ်ဆင်မှု (Pilot Installation)ကို ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလများအတွင်း ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ကြာအင်းဆိပ်ကြီး တွေ့ဆုံပွဲမှာ တာဝန်ရှိသူတွေက ပြောကြားသွားပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၁၇ မတ်လနဲ့ ဧပြီလအတွင်း စီမံကိန်းကျေးရွာတွေကို ဆိုလာပစ္စည်းတွေ ရောက်ရှိမှာဖြစ်ပြီး စီမံကိန်းတပ်ဆင်ကာလကိုတော့ ဩဂုတ်လနောက်ဆုံး ထားရှိပေမယ့် မိုးများတဲ့ ကရင်ပြည်နယ်အတွက် ပြီးစီးမှု ဒီထက်စောမှာပါလို့ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ခန့်မှန်းပြောဆိုတာလည်း ရှိပါတယ်။

တကယ်တော့ မြန်မာတစ်နိုင်ငံလုံးမှာ မီးမလင်းသေးတဲ့ရွာပေါင်းက အများကြီး ကျန်ရှိနေပါသေးတယ်။ သံမဏိခင် သစ်နဲ့ အရင်လုပ်ရသလို လျှပ်စစ်ဓာတ်အားလိုင်းတွေ မချိတ်ဆက်နိုင်သေးတဲ့ ကျန်ရှိရွာတွေအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP,ICB-2) အတွက် တစ်အိမ်သုံး ဆိုလာမီးလင်းရေးစနစ်ကို ဝပ် ၆၀ နဲ့ ဝပ် ၁၀၀ အထိ တိုးချဲ့တပ်ဆင်ပေးသွားမယ်ဆိုတာလည်း ကြားသိရလေတော့ အလင်းဆောင် အမှောင်ခွင်းတော့မယ့် တိုင်းရင်းသား ဖထီးတို့ အမိုးတို့ မောင်ကျော်တို့ ဖိုးမူလေးတို့ ရွာသားတွေနဲ့အတူ ကျွန်တော်တို့ နိုင်ငံသားအားလုံးကလည်း ပီတိဖြစ်နေကြမှာပါ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ မီးလင်းရေး အစီအစဉ်မှာ ကရင်ပြည်နယ်က ကျေးရွာပေါင်း ၁၄၃ ရွာ စာရင်းပေးသွင်းခဲ့ပြီး အဲဒီရွာတွေကတော့ ဘားအံမြို့နယ်မှ ၂၃ ရွာ၊ လှိုင်းဘွဲ့မြို့နယ်မှ ၁၁ ရွာ ကော့ကရိတ်မြို့နယ်မှ ၇၃ ရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ၂၉ ရွာနဲ့ သံတောင်ကြီးမြို့နယ်မှ ခုနစ်ရွာ ပါဝင်ပြီး ၁၄၃ ရွာပေါင်းမှာ အိမ်ထောင်စုပေါင်း ၁၁၄၄၂ အိမ်ထောင်စု ရှိပါတယ်။

အဲဒီအိမ်ထောင်စုတွေမှာ ဖိုးခွားတို့ ဖိုးမူတို့လို ကျောင်းသားလေးတွေ LED မီးသီးလေးတွေနဲ့ စာကြည့်နိုင်တော့မယ်။ မောင်ကျော်တို့ အနော်တို့က လွယ်လွယ်ကူကူ ဖုန်းအားသွင်းနိုင်တော့မယ်။ ဖထီးတို့ အမိုးတို့ကတော့ LED မီးပွင့်အောက်မှာ ကွမ်းလေးတွေမြုံ့ရင်း အမှောင်ခွင်းတဲ့ အလင်းရဲ့အရသာလေးတွေ ကိုယ်စီခံစားနိုင်ကြတော့မယ်လို့ အားပေးလိုက်ရပါတော့တယ်။

ပွင့်ဆန်း၊ ထွန်းထွန်းထွေး(ဘားအံ)

ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

အသက် သုံးနှစ်မှ ငါးနှစ်အထိ ရင်သွေးငယ်များ ကြံ့ခိုင်ကျန်းမာ ပျော်ရွှင်စေရေး ရည်ရွယ်၍လည်းကောင်း၊ ပြေးလွှား ဆော့ကစားခြင်းသည် ကလေးငယ်များ အလုပ်လုပ်ခြင်း ဖြစ်သည်ဟူသော ဆောင်ပုဒ် ရည်ရွယ်ချက်အရလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည် ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ဗဟန်းမြို့နယ် အမှတ်(၁)မူလတန်းကြိုကြောင်း အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စတင်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းပေါင်း ၃၀ နှင့် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြင်ပမူလတန်းကြိုကျောင်း ၁၀ ကျောင်းမှ ကလေးငယ်ပေါင်း ၆၄၀ ပါဝင်ယှဉ်ပြိုင်ကြကာ ကလေးများနှင့်စပ်ဆိုင်သော ဆော့ကစားနည်းများဖြင့် ပြိုင်ပွဲ ၅၆ ပွဲကို အငယ်တန်းနှင့် အကြီးတန်းဟု နှစ်တန်းခွဲ၍ ကျင်းပခဲ့သည်။ ပြိုင်ပွဲများအပြီးတွင် ဆုရရှိသော ကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး ဂျပန်ကစားသမား ဆက်လက်ဦးဆောင်

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး၍ မြန်မာပီဂျီအေ၊ Asian Tourနှင့် Japan Golf Tour တို့ ပူးပေါင်းကာ Leopalace 21 ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ဂျပန်ကစားသမား Yusaku MIYAZATO က ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်လျက်ရှိသည်။ MIYAZATO သည် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက် ရှိသော်လည်း အခြားကစားသမားများ၏ ဖိအားပေးမှုကြောင့် နောက်ဆုံးနေ့ပွဲများမှာ အကြိတ်အနယ်ရှိလာဖွယ်ရှိနေသည်။

တတိယနေ့အပြီးတွင် Yusaku MIYAZATO (ဂျပန်)က ၁၁ ချက်လျှော့ရိုက်ပြီး ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိကာ K.T. KIM (တောင်ကိုရီးယား)က ၁၀ ချက်လျှော့ဖြင့် ဒုတိယ၊ Sihwan KIM (အမေရိကန်)က ၉ ချက်လျှော့ဖြင့် တတိယ၊ Todd SINNOTT (ဩစတြေးလျ)၊ Carlos PIGEM (စပိန်)၊ Miguel TABUENA (ဖိလစ်ပိုင်)တို့က ရှစ်ချက်စီလျှော့ရိုက်က အဆင့် ၄၊ Adam BLAND (ဩစတြေးလျ)၊ Daniel CHOPRA (ဆွီဒင်)၊ David OH (အမေရိကန်)နှင့် Kyungnam KANG (တောင်ကိုရီးယား)တို့က ခုနစ်ချက်စီလျှော့ရိုက်ကာ အဆင့် ၅ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ရုပ်သံမှတိုက်ရိုက်ပြသနေပြီး ပြည်တွင်း ရုပ်သံလိုင်းဖြစ်သည့် Sky-Net မှလည်း ပြသလျက်ရှိသည်။ ယင်းပြိုင်ပွဲကို မြန်မာအားကစားပရိသတ်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ကာ ကံစမ်းမဲနှင့် ဖျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

ဒုတိယနေရာတွင် ရပ်တည်နေသည့်
K.T. KIM **(တောင်ကိုရီးယား)**

မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း မြင်းမထိတောင် ခရီးစဉ်အတွက် ဩဝါဒခံယူပွဲကျင်းပ

မကွေး ဇန်နဝါရီ ၂၈

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း၏ ပထမအကြိမ် တောင်တက်ခရီးစဉ်ဖြစ်သည့် ကလောမြို့နယ် မြင်းမထိတောင်သို့ ခရီးစဉ်တွင် လိုက်ပါမည့် အသင်းဝင် ဆရာ ဆရာမများနှင့် ဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူ ၇၀၀ ကျော်က မကွေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း နာယက(၁)ပါမောက္ခချုပ် ဆရာကြီးဒေါက်တာခင်မောင်ဦးထံမှ ဩဝါဒခံယူပွဲနှင့် ရေခဲတောင်ခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲကို မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

မကွေးတက္ကသိုလ်ပါမောက္ခချုပ်က ခြေလျင်တောင်တက်သွားရောက်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် တောင်တက်ခရီးစဉ်တွင် တောင်တက်ရုံသာမက ရောက်ရှိရာဒေသ၏ နယ်မြေဗဟုသုတများ၊ ဒေသခံများ၏ ရိုးရာဓလေ့ထုံးစံများကို လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဝန်းကျင်ဆိုင်ရာများ၊ စီးပွားရေး၊ တောတောင်သဘာဝရှုခင်းအလှအပကိုလည်း ခံစား လေ့လာကြရမည်ဖြစ်ပြီး စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်စွာဖြင့် တောင်တက်ခရီးစဉ်ကို တက္ကသိုလ်ဂုဏ်ဆောင် အောင်မြင်သောခရီးစဉ်အဖြစ် သွားရောက်နိုင်ရန် ဩဝါဒစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်း၏ စည်းကမ်းချက်များနှင့်ပတ်သက်၍ မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း အတွင်းရေးမှူး သချာဌာနမှ ကထိကဒေါက်တာထွေးမမအောင်က ရှင်းလင်းပြောကြားခဲ့သည်။

သန်းနိုင်ဦး(ငဖဲ)

မောင်တောခရိုင်အတွင်း လေးလကျော်ကြာငါးဖမ်းဆီးမှုရပ်နားထားရသဖြင့် ကျော့ပိုက်ရာသီချိန် ငါးနီတူ ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကြောင့် ပင်လယ်ပြင် ငါးဖမ်းဆီးမှုလုပ်ငန်းများ လေးလကျော်ကြာ ရပ်နားထားရသည့်အတွက် ကျော့ပိုက်ရာသီချိန် ငါးနီတူငါးများ ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိကြောင်း ဒေသခံငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးမောင်မြင့်က ပြောသည်။

“လေးလကျော် ပင်လယ်ပြင်ငါးဖမ်းဆီးမှုရပ်နားထားရတဲ့အတွက် ရေလုပ်သားတွေနဲ့ မိသားစုတွေအပြင် လုပ်ငန်းရှင်တွေအနေနဲ့လည်း အခက်အခဲရှိပါတယ်။ အခုအချိန်မှာ ငါးဖမ်းဆီးမှုခွင့်ပြုထားပေမယ့် ညမထွက်ရအမိန့်ကြောင့် ငါးဖမ်းဖို့ထွက်တဲ့အချိန်က ဒီရေအတက်အကျကိုကြည့်ပြီး ထွက်ရတာရယ်၊ နောက်တစ်ခုက ရေလုပ်သားတွေမှာလည်း NVC ကတ်မရှိသေးတာတွေကြောင့် ငါးဖမ်းထွက်ဖို့ အခက်အခဲတွေ ရှိနေပါသေးတယ်”ဟု ၎င်းက ပြောပြသည်။

မောင်တောမြို့နယ်အတွင်း ကမ်းနီးနှင့် ကုန်းတွင်းပိုင်းမြစ်ချောင်း၊ အင်းအိုင်များအတွင်း စက်တပ်ရေယာဉ် အစင်း ၃၀၀ ခန့်၊ စက်မဲ့ရေယာဉ်အစင်းရေ ၁၃၀၀ ကျော်ဖြင့် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ရေငန်ပုစွန်ပိဿာ ၁၀၀၀၀ ခန့်ထုတ်လုပ်နိုင်သဖြင့် မြို့နယ်အတွင်းရှိ လူဦးရေ ငါးသိန်းကျော်အတွက် စားနပ်ရိက္ခာဖူလုံစေပြီး ရေလုပ်သား ၁၅၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစု ၇၀၀၀၀ ကျော်အတွက် စားဝတ်နေရေး အဆင်ပြေစေကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ယာယီရပ်ဆိုင်းမှုကြောင့် ငါးထုတ်လုပ်မှုလျော့နည်းခဲ့ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP)ကျဆင်းမှုများ ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ငါးဖမ်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် ငါးဖမ်းဆီးခွင့်လက်မှတ်များ အမြန်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ငါးဖမ်းဆီးရေးလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် ငါးဖမ်းဆီးခွင့် လက်မှတ်များကို ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ မောင်တောမြို့နယ်အတွင်းရှိ မောင်နီ၊ ညောင်ပင်ကြီး၊ အလယ်သံကျော်၊ မြင်းလွတ်၊ ကျောက်ပန္ဒု၊ အင်းဒင်၊ သဝင်ချောင်းကျေးရွာများမှ ကမ်းနီးငါးဖမ်းရေယာဉ် မြင်းကောင်ရေ ၂၀ အထက် ၈၃ စင်း၊ မြင်းကောင်ရေ ၂၀အောက် ၂၀၃စင်းနှင့် စက်မဲ့လှေ ၁၆၁ စင်းတို့ကိုမှတ်ပုံတင်နှင့် လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“မောင်တောမြို့ဟာ တစ်ဖက်နိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာဖြစ်တဲ့အတွက် ဒီဒေသက ငါးဖမ်းလှေတွေကို ခွဲခြားသိစေဖို့ လှေ၊ ဖောင်းရစ်ရဲ့အပေါ်ဘက်မှာ တစ်ပေခွဲခန့် အကျယ်ရှိတဲ့ အစိမ်းနုရောင်ဆေးသုတ်ပြီး ရေယာဉ်မှတ်ပုံတင်အမှတ်နဲ့ ငါးဖမ်းဆီးခွင့် မှတ်ပုံတင်အမှတ်ကို ရေးသားစေခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့ ငါး၊ ပုစွန်တွေကို ဒေသတွင်းမှာ ရောင်းချဖို့နဲ့ တစ်ဖက်နိုင်ငံကိုလည်း တရားဝင်နည်းလမ်းနဲ့ တင်ပို့ဖို့ကို ဆောင်ရွက်ထားပါတယ်။ စည်းကမ်းချက်နဲ့ အညီ ငါးဖမ်းဆီးဖို့ကိုလည်း အဖွဲ့တွေဖွဲ့ပြီး စစ်ဆေးဖို့နဲ့ လိုအပ်တာတွေကို ကူညီပေးဖို့ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်”ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောကြားသည်။

ဇင်ဦး(မြန်မာ့အလင်း)

ဓာတ်ပုံ - သီဟစည်သူ

ရခိုင်ပြည်နယ်တွင် ကျန်းမာရေးကြီးကြပ်(၂) စာမေးပွဲဖြေဆို

စစ်တွေ ဇန်နဝါရီ ၂၈

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၌ ခန့်ထားတာဝန်ပေးသွားမည့် ကျန်းမာရေးကြီးကြပ်(၂) စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရေးဖြေ နှစ်နာရီ မေးခွန်းဖြေဆိုကြကြောင်း သိရသည်။

ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ လာရောက်ဖြေဆိုကြသော ကြီးကြပ်(၂) စာမေးပွဲကို ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကြီးကြပ် စစ်ဆေးခြင်းဖြစ်ပြီး ရေးဖြေအောင်မြင်ပါက နှုတ်ဖြေကို ဆက်လက်ဖြေဆိုသွားရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုရန် လျှောက်လွှာ ၂၄၀၀ ရောက်ရှိသော်လည်း ၂၀၁၆ ဦးသာ ဝင်ရောက်ဖြေဆိုပြီး ၃၈၄ ဦး ပျက်ကွက်ကြောင်း၊ ရေးဖြေအောင်စာရင်းကို ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများသည် နှုတ်ဖြေကို ဖေဖော်ဝါရီ ၉ ရက်တွင် ဖြေဆိုကြရမည်ဖြစ်ကာ အလုပ်ခန့်ထားမှုကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

“ဒီလိုကျန်းမာရေးကြီးကြပ် (၂) တွေကို ခန့်ထားပေးနိုင်ခြင်းအားဖြင့် ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရဲ့ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေမှာ လိုအပ်နေတဲ့ အင်အားတွေကို ဖြည့်ဆည်းပေးတာကြောင့် ပိုပြီးအောင်မြင်မှာပါ။ ဖြေဆိုသူတွေရဲ့ အမှတ်အများ၊ အနည်းအလိုက် ဦးစားပေးပြီးတော့ ခန့်အပ်တာဝန်ပေးသွားမှာဖြစ်ပါတယ်” ဟု ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟအောင်က ပြောသည်။

သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ညစော

(၁၆)ကြိမ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်အရှေ့ပိုင်း အတွင်းရှိ လားဟူတိုင်းရင်းသားများ စုပေါင်းကျင်းပသည့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့ မြို့မဘောလုံးကွင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဒေသအတွင်းရှိ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက နံနက်အစောပိုင်းတွင် ရိုးရာအက၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ပွဲတော်သို့ တက်ရောက်လာသော ဘိုးဘွားများ၊ ဧည့်သည်များကို နှစ်ဟောင်းမှအညစ်အကြေးများဆေးကြော၍ သန့်ရှင်းစွာဖြင့်နှစ်သစ်ကို အစပြုနိုင်ရန်အလို့ငှာ လက်ဆေးပေးခြင်း ရိုးရာဓလေ့ကို လားဟူယဉ်ကျေးမှုအဖွဲ့က ဆောင်ရွက်ပေးသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က နှစ်သစ်ကူးအဖွင့်စကားပြောကြားပြီး တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်တို့က နှစ်သစ်နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ လားဟူယဉ်ကျေးမှုအဖွဲ့က ရိုးရာအသုံးအဆောင်ပစ္စည်းများ လက်ဆောင် ပေးအပ်ကာ နှစ်သစ်ကူးပွဲသို့ တက်ရောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် လားဟူမြေဝိုင်းအကကို တက်ရောက်လာသူများနှင့် ပျော်ရွှင်စွာ စုပေါင်းကကြပြီး နှစ်သစ်ကူးကောက်သစ်ဆန် ရိုးရာအစားအစာတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ နှစ်သစ်ကူးပွဲတော်သို့ တိုင်းရင်းသားရိုးရာဓလေ့ များအား စိတ်ဝင်စားသည့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များလည်း ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ပျောက်ဆုံးနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးအား ရွှံ့အိုင်ထဲ၌ သေဆုံးလျက်တွေ့ရှိ

မောင်တော ဇန်နဝါရီ ၂၈

မောင်တောမြို့နယ် ငန်းချောင်းရဲကင်းစခန်း၌ လူပျောက်တိုင်ကြားထားသော ကြက်ရိုးပြင်ကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဇော်ကီမူဟာမတ် (၃၃ နှစ်)အား ရွှံ့နွံအိုင်ထဲ၌ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက်မွန်းလွဲပိုင်းက ပျောက်ဆုံးနေသော ကြက်ရိုးပြင်ကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဇော်ကီမူဟာမတ်အား ၎င်း၏ အစ်ကိုဖြစ်သူ ဒီမာမတ်က လိုက်လံရှာဖွေခဲ့ရာ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် ပြောင်ပိုက်ကျေးရွာ အနောက်တောင်ဘက်ရှိ ရွှံ့နွံအိုင်ထဲ၌ နစ်မြုပ်၍ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ငန်းချောင်းရဲကင်းစခန်းသို့ လာရောက်သတင်းပို့လာသောကြောင့် သွားရောက်စိစစ်ခဲ့ကြသည်။ အလောင်းအား စစ်ဆေးရာ ယာပါးပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာနံဘေး ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ လည်ပင်းလှီးပြတ်ဒဏ်ရာ နှစ်ချက်၊ ယာဒူးပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲရင်အုံထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲ လက်ကောက်ဝတ်ပြတ်ရှဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေကြောင်း၊ သေဆုံးသူ၏ အလောင်းအား မောင်တောဆေးရုံသို့ ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ မှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၈

ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူတစ်ဦးအား ယနေ့နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တောင်ဘဇာနယ်မြေရဲစခန်းမှ ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်ရာ ယနေ့ နံနက် ၄ နာရီတွင် ရော်ရှီအာမတ် (၃၂နှစ်)အား ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ကျီးကန်းပြင်သို့ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူဖြစ်ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေယာသီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးငွေနှင့်နစ်နာကြေးများပေးအပ်

မြဝတီ ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ဧရိယာအတွင်း ပါဝင်သွားသော တောင်သူများအား မြေဧရိယာ လျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြေယာသီးနှံလျော်ကြေး ပေးအပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက စီမံကိန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က မြေဧရိယာ လျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေးပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြေယာ၊ သီးနှံလျော်ကြေးပေးအပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစောပြည်သာ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက မြေဧရိယာလျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

လိုင်စင်မဲ့ဖမ်းဆီးထားသည့်ယာဉ်အားစစ်ဆေးရာ မူးယစ်ဆေးဝါးများတွေ့ရှိ

ကသာ ဇန်နဝါရီ ၂၈

ကသာမြို့၌ လိုင်စင်မဲ့ဖမ်းဆီးထားသည့်ယာဉ်အား မသင်္ကာ၍စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၃၃ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို ဇန်နဝါရီ ၂၈ ရက်က ရှာဖွေတွေ့ရှိဖမ်းဆီးရမိကြောင်း သိရသည်။

အမှုမှ ပြစ်မှုကျူးလွန်သူ မြင့်အောင် (ခ)ပြုံးချို (ခ)တင်ထွေးမှာဇန်နဝါရီ ၂၁ ရက်က ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာနေသူထံမှ ဝယ်ယူခဲ့ပြီး ကသာမြို့၌ မော်တော်ယာဉ်အား လိုင်စင်မဲ့အဖြစ် ဖမ်းဆီးခံခဲ့ရစဉ် မူးယစ်ဆေးဝါးပါရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် ယာဉ်မောင်း မြင့်အောင်(ခ)ပြုံးချို(ခ)တင်ထွေးကို ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ငွေအိုး (ကသာ)

မော်တော်ယာဉ်တစ်စီး ဓာတ်တိုင်ကိုဝင်တိုက်မိပြီး ပြုတ်ကျသော မီးကြိုးများ ခရီးသည်တင်မှန်လုံယာဉ်၏ နောက်ကြည့်မှန်နှင့်ချိတ်မိ၍ ဓာတ်တိုင်များထပ်မံပြိုလဲ

မော်လမြိုင် ဇန်နဝါရီ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၅၉/၁) အနီးတွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က သထုံဘက်မှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသည့် Honda Fit အမျိုးအစား ယာဉ်အမှတ် 4I/--- သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ရှိ (11KV) လိုင်း ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိသဖြင့် ဓာတ်တိုင်ပြိုလဲကျပြီး မီးကြိုးများပြုတ်ကျ၍ မော်တော်ယာဉ်မှာ တိမ်းမှောက်သွားကြောင်း သိရသည်။

ဖြစ်ပွားရာ နေရာသို့ ပေါင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရင်းငြိမ်ရဲကင်းစခန်းမှ စခန်းမှူးရဲအုပ်ကျော်နန္ဒအောင်နှင့်တပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းဆောင်ရွက်နေစဉ် နံနက် ၁၀ နာရီခန့်၌ မော်လမြိုင်ဘက်မှ သထုံမြို့ဘက်သို့ ဦးသန့်ဇင်လတ်မောင်းနှင်လာသည့် 7k/----- ခရီးသည်တင် မှန်လုံယာဉ်က တွဲလောင်းကျနေသော မီးကြိုးများကို ယာဉ်၏ နောက်ကြည့်မှန်နှင့်ချိတ်မိ၍ ဓာတ်တိုင်သုံးတိုင် ထပ်မံလဲကျသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ယာဉ်မောင်းနှစ်ဦးစလုံးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

သန်လျင်တံတားပေါ်၌ မော်တော်ယာဉ်တစ်စီး အပူလွန်ကဲရာမှမီးလောင်

သန်လျင် ဇန်နဝါရီ ၂၈

သန်လျင်မြို့နယ် သန်လျင်တံတားပေါ်၌ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်က မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

သန်လျင်မြို့နယ်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးမောင်မောင်ဝင်း မောင်းနှင်လာသော 9G/ ------ ဟွန်ဒိုင်းအမျိုးအစား လိုက်ထရပ်ယာဉ်သည် တံတားတိုင်အမှတ် (၈နှင့် ၉)အကြားအရောက်တွင် အင်ဂျင်ခန်းရှိ ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့မှ မီးငြိမ်းသတ်ရေယာဉ်လေးစီး လာရောက်ငြိမ်းသတ်ပေးသည့်အတွက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က မီးငြိမ်းသွားခဲ့သည်။

မော်တော်ယာဉ်မီးလောင်မှုကြောင့် အင်ဂျင်ခန်း၊ ဆိုဖာများနှင့် ရှေ့လေကာမှန်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မောင်း ဦးမောင်မောင်ဝင်းကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

သထုံမြို့၌ အမျိုးသားတစ်ဦး သစ်ပင်ပိ၍သေဆုံး

မော်လမြိုင် ဇန်နဝါရီ ၂၈

မွန်ပြည်နယ် သထုံမြို့နယ် ဒေးဗရိန်းကျေးရွာအုပ်စု ကရင်စုရွာတွင် နေထိုင်ကြသော ဦးဌေးလှိုင်၊ ဦးဝေလွင်ဦးနှင့် ဦးမြင့်ဦးတို့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ကျေးရွာစာသင်ကျောင်း မြေဖို့ရန်အတွက် ရွာ၏ အနောက်ဘက်တောင်ကြောတွင် မြေတူးပြီးနောက် ရေသောက်ရန် အရိပ်ရသစ်ပင်အောက်သို့သွားစဉ် တောင်ကြောပေါ်မှ အရှည် ၂၅ ပေခန့် လုံးပတ်တစ်ပေခန့်ရှိ သစ်ပင်မှာ အမြစ်ကျွတ်ပြီး ဦးဌေးလှိုင်ပေါ်သို့ လဲကျသွားကြောင်း သိရသည်။

သစ်ပင်လဲကျမှုကြောင့် ဦးဌေးလှိုင်တွင် ဒဏ်ရာများရရှိပြီး သထုံမြို့နယ်ဆေးရုံသို့ တင်ပို့စဉ် သေဆုံးသွားကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

သိန်းနီမြို့နယ်၌ အကောက်ခွန်မဲ့ပစ္စည်းများဖမ်းဆီးရမိ

သိန်းနီ ဇန်နဝါရီ ၂၈

သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အကောက်ခွန်မဲ့စက်ကိရိယာများ သယ်ဆောင်လာကြောင်း သတင်းအရ တားဆီးရှာဖွေစစ်ဆေးရာ ယာဉ်အမှတ် 6C/------ ဟွန်ဒိုး(၁၄) ဘီးယာဉ်ဖြင့် တင်ဆောင်လာသော ရွှေထုတ်လုပ်ရေးလုပ်ငန်းသုံးကိရိယာများ၊ ယာဉ်အမှတ် 8H/------ နီဆန်း(၁၂)ဘီးယာဉ်ဖြင့် တင်ဆောင်လာသော ရွှေထုတ်လုပ်ရေး လုပ်ငန်းသုံးကိရိယာများ၊ ယာဉ်အမှတ် 5B / ------ နီဆန်း(၁၂)ဘီးယာဉ်ဖြင့် တင်ဆောင်လာသော ရွှေထုတ်လုပ်ရေးလုပ်ငန်းသုံးကိရိယာများ၊ 2J/ ----- နီဆန်း (၁၂)ဘီးယာဉ်ဖြင့် တင်ဆောင်လာသော လမ်းကြိတ်စက်တစ်စီးတို့ကို အကောက်ခွန်မဲ့တင်ဆောင်လာကြောင်း ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျအဖွဲ့များမှ စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။ ယင်းအကောက်ခွန်မဲ့ပစ္စည်းများအား တန်ဖိုးဖြတ်ခြင်းများဆောင်ရွက်ရန် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်ရှင်မရှိခိုက် နေအိမ်ကိုမီးရှို့သူအား ဥပဒေအရအရေးယူ

မြိုင် ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သင်းမကျေးရွာအုပ်စု သင်းမကျေးရွာ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဒေါ်သန်းနုသည် ရွာမြောက်ဘက် ယာခင်းတွင် နွားစာရိတ်နေစဉ် ၎င်း၏နေအိမ် မီးလောင်ကြောင်းသိရ၍ နေအိမ်သို့ ပြန်လာရာ ဆိုင်ကယ်ရှေ့ပိုင်းနှင့် သွပ်မိုး၊ ထရံကာ၊ မြေစိုက်ပျဉ်ခင်း နှစ်ထပ်၏ ဝါးထရံ (၄×၇)ပေခန့်တွင် မီးစွဲလောင်ထားသည်ကို တွေ့ရှိရသဖြင့် အိမ်နီးချင်းများအား မေးမြန်းရာ တစ်ရွာတည်းနေ မသီတာအေး(ခ)မမိပျော့မှာ မီးလောင်သည့် နေအိမ်အတွင်းမှ ထွက်သွားသည်ကို တွေ့ရကြောင်း၊ မီးလောင်သည့် နေအိမ်ကို ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၈နာရီ ၃ မိနစ် အတွင်း မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင်မရှိခိုက် နေအိမ်ကို မီးရှို့သူ မသီတာအေး(ခ)မမိပျော့ကို ဗဟင်းနယ်မြေရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၃၅)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6632 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/3410၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ ဓမ္မာရုံရပ်ကွက်တွင် နေထိုင်သော ဦးမြင့်အေး၏သမီး မဆုမြတ်ထွေး (လှိုင်ကော်တက္ကသိုလ်တွင် သတ္တဗေဒဘာသာရပ်ဖြင့် ဂုဏ်ထူးတန်းကျောင်း)၏ မွေးသက္ကရာဇ်အမှန် ၄-၇-၁၉၉၅ သို့ ပြောင်းလဲပြီးဖြစ်ကြောင်း။

မဆုမြတ်ထွေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၈၄၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဝေ ၇/ထတပ(နိုင်) ၀၀၃၂၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

အမှုဆောင်အရာရှိချုပ်ခေါ်ယူခြင်း

Mineral Development Public Co.,Ltd. မှ ဖွင့်လှစ်မည့်ဘဏ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းကန့်သတ်ချက်နှင့်ကိုက်ညီသော အမှုဆောင်အရာရှိချုပ်(CEO) (၁)ဦး အလိုရှိပါသည်-

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ

(ခ) ဘဏ်လုပ်ငန်းအတွေ့အကြုံရှိရမည်ဖြစ်ပြီး အနည်းဆုံး ဒုတိယအုပ်ချုပ်မှုဒါရိုက်တာရာထူးတွင် ထမ်းဆောင်ခဲ့ပြီးသူဖြစ်ရမည်။

(ဂ) အင်္ဂလိပ် အရေး/အပြော ကျွမ်းကျင်ရမည်။

(ဃ) အသက်(၅၀) နှင့် (၆၅)နှစ်အကြား (ကျား/မ မရွေး)

လျှောက်ထားလိုသူသည် ၁၄-၂-၂၀၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်-

ဆက်သွယ်ရန်လိပ်စာ - အမှတ် (၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း - ၀၁-၆၅၈၂၂၃၊ ၀၁-၆၅၈၂၂၆

Email Address - mdb.publiccompany@gmail.com

ဝန်ထမ်းအလိုရှိသည်

Mineral Development Public Co.,Ltd. မှ ဖွင့်လှစ်မည့်ဘဏ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသော စာရင်းကိုင် Accountant ဝန်ထမ်းများ အလိုရှိသည်-

(က) B.Com, C.P.A ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ခ) အသက် (၃၀) မှ (၅၅) နှစ်အတွင်းရှိသူ ဖြစ်ရမည်။

(ဂ) ကျား/မ မရွေးလျှောက်ထားနိုင်သည်။

(ဃ) ကွန်ပျူတာကျွမ်းကျင်၍ ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ၁၄-၂-၂၀၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်-

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်းနံပါတ် - ၀၁-၆၅၈၂၂၃၊ ၀၁-၆၅၈၂၂၆

Email Address - mdb.publiccompany@gmail.com

ရန်ကုန်၊ ဇွဲကပင်နှင့် နေပြည်တော်အသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇွဲကပင်၊ ရန်ကုန်နှင့် နေပြည်တော်အသင်းတို့ နိုင်ပွဲရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက် အနိုင်ရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ဇွဲကပင်အသင်းကို ပယ်နယ်တီဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဇွဲကပင်အသင်းနှင့် တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင်လည်း ရှုံးကန်ခဲ့ရပြီး နှစ်ရာသီဆက်တိုက် အဝေးကွင်း ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲ ရှုံးပွဲကြောင့် ထိပ်ဆုံးနေရာကို ရန်ကုန်အသင်းထံ ပြန်လွှဲပေးရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်လာပြီး GFA နှင့် ပွဲတွင် လူစားလဲဝင်ရောက်ပြီး ခြေစွမ်းပြခဲ့သည့် ကင်မ်နှင့် စိုးမင်းဦးတို့ကို ပွဲစကတည်းက အသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းတွင်လည်း အသင်းခေါင်းဆောင် လတ်ကိုကိုအေး ပြန်ပါလာပြီး လူစုံအသုံးပြုခဲ့သည်။ ကစားပုံမာကျောသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း ရှမ်းယူနိုက်တက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း ရှုံးကန်ခဲ့ရသည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဇွဲကပင်အသင်းမှာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ၆၅ မိနစ်တွင် ဇွဲကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဒိုနယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း တိုင်ထိထွက်ခြင်း၊ ဇွဲကပင် ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့၍ ဇွဲကပင်အသင်း နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ရောဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး တိုက်စစ်မှူး အီမီကာ က မိနစ် ၆၀၊ ၇၀ တွင် အနိုင်ဂိုးများ ပြန်လည်သွင်းယူခဲ့သည်။ ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲတွင် နေပြည်တော်က ချင်းယူနိုက်တက်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နေပြည်တော်အတွက် ဂိုးများကို ဒီယာရာ၊ တာကူမူနှင့် ရန်ခတို့က သွင်းယူပေးခဲ့ပြီး ချင်းအတွက် ချေပဂိုးနှစ်ဂိုးစလုံးကို ကိုဖီက သွင်းယူခဲ့သည်။

ပွဲစဉ်(၃) တတိယနေ့ကို ဇန်နဝါရီ ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern နှင့် GFA၊ ဝေသာလီကွင်း၌ ရခိုင်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်ယှဉ်ပြိုင်နေစဉ်

အက်ဖ်အေဖလားပြိုင်ပွဲ

ဝုလ်ဗာဟမ်တန်အသင်းအတွက် ဦးဆောင် ဂိုးကို စတီယာမန်း ခေါင်းတိုက်သွင်းယူစဉ်

အက်ဖ်အေဖလား စတုတ္ထအဆင့် လီဗာပူးတို့ အိမ်ကွင်းတွင် ရှုံးနိမ့်

အင်္ဂလန်အက်ဖ်အေဖလား စတုတ္ထအဆင့် စနေနေ့ည အစောပိုင်းပွဲစဉ်အဖြစ် လီဗာပူးနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ အန်ဖီးလ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်း၌ ဝုလ်ဗာဟမ်တန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

ယင်းပွဲတွင် အိမ်ရှင်လီဗာပူးအသင်း သည် ၄-၃-၃ ကစားကွက်ဖြင့် အရန်ကစား သမားတချို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ဝုလ်ဗာဟမ်တန်သည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစပြီး ၁ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် နောက်တန်းကစားသမား စတီယာမန်း ခေါင်းတိုက်သွင်းယူကာ ဝုလ်ဗာဟမ်တန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၄၁ မိနစ် တွင် ကွင်းလယ်ကစားသမား ဝီမန်းက ဒုတိယဂိုးသွင်းယူခဲ့၍ ပထမပိုင်းပြီးချိန်တွင် ဝုလ်ဗာဟမ်တန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြ ဂျာဂျန်ကလော့ပ်သည် ချေပဂိုးရရှိရန် အပြောင်းအလဲလုပ်ကာ လူစားလဲမှုများ စတင် ပြုလုပ်ခဲ့သည်။ နှစ်သင်းစလုံး အကြိတ် အနယ်ယှဉ်ပြိုင်ခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် စတားရစ်ဂျ်၏ ဖန်တီးမှုမှတစ်ဆင့် အိုရီဂီသည် လီဗာပူးအတွက် တစ်လုံးတည်း သော ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် အိမ်ကွင်း၌ လီဗာပူးတို့ နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ အက်ဖ်အေဖလား စတုတ္ထအဆင့်မှ ထွက်ခဲ့ရသည်။

ယနေ့ပွဲတွင် လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်အနက် ငါးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဝုလ်ဗာဟမ်တန် အသင်းသည် ငါးကြိမ်သာ ကန်သွင်းခွင့်ရရှိပြီး သုံးကြိမ် ဂိုးပေါက်တည့်ကာ အနိုင်ဂိုးများ ဖန်တီးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် နောက်ဆုံးပွဲစဉ် သုံးပွဲဖြစ်သော အက်ဖ်အေဖလား၊ လိဂ်ဖလား၊ ပရီမီယာလိဂ်တို့ကိုအိမ်ကွင်း သုံးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

■ **သီဟ**

အက်ဖ်အေဖလား

စပါး	၄ -၃	ဝိုင်ကွန်ဘီ
အောက်စ်ဖို့ဒ်	၃ -၀	နယူးကာဆယ်
လင်ကွန်း	၃ -၁	ဘရိုက်တန်
ချယ်လ်ဆီး	၄ -၀	ဘရန့်ဖို့ဒ်
ရော့ချ်ဒယ်လီ	၀ -၄	ဟက်ဒါဖီးလ်
ဘန်လေ	၂ -၀	ဘရစ္စတိုး
ဘလက်ဘန်း	၂ -၀	ဘလက်ပူးလ်
မစ်ဒယ်ဘရော့	၁ -၀	စတန်လေ
ပဲလေ့စ်	၀ -၃	မန်စီးတီး
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၈)		
ဝုဖ်ဘတ်	၁ -၂	အော့စ်ဘတ်
အင်ဂိုစတက်	၃ -၁	ဟမ်းဘတ်
ဝါဒါဘရီမင်	၁ -၂	ဘိုင်ယန်မြူးနစ်
ဒမ်စတက်	၁ -၆	ကိုလုံး
လိုက်ပ်ဇစ်	၂ -၁	ဟော်ဖန်ဟိမ်း
စပိန်လာလီဂါ ပွဲစဉ် (၂၀)		
ဗီလာရီးရဲ	၂ -၀	ဂရန်နာဒါ
အလာဗတ်စ်	၀ -၀	အက်သလက်

ပျောက်ဆုံးကြောင်း

ကျွန်တော်များ B3B GROUP Co LTD အမည်ဖြင့် တင်သွင်းလာသော IDNO 731708 (19-9-16) မော်တော်ယာဉ် စာရွက်မူရင်းများ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/1399 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/4032၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄၄ယ/၄၄၇၇Taryan -110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၄/ကကထ(နိုင်)၁၇၉၃၅၉၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းရုံး(ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊တ/၁၅ရပ်ကွက်၊ မြေကွက်အမှတ်(၂၂၀၄-က)၊မဟာဗန္ဓုလလမ်း၊အကျယ်ပေ(၂၀×၆၀)ခေါ် အုန်းမြအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့်ခြံမြေကွက်အားကျွန်ုပ်၏မိတ်ဆွေ ဦးဆိုနာပသီးမှ ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကတရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန်အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။
ဦးဆိုနာပသီး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ် စုလှိုင်(LL.B)၊အထက်တန်းရှေ့နေ(စဉ်-၂၅၃၇)
အမှတ်(၆၅၅-ခ)၊မဟာမြိုင်လမ်း၊၉/၂ရပ်ကွက်၊ရွှေပြည်သာမြို့။
ဖုန်း-၀၉-၄၂၀၆၆၈၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သီဂီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ်(၁၃၁)ဟု ခေါ်တွင်သော ပေ(၄၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်မော်မော်ဦး ၁၂/မဂတ(နိုင်)၀၅၀၃၃၇ ထံမှ ကျွန်ုပ်ကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးသက်ထွန်း
အမှတ် (၃၈၃/က)၊ နံ့သာမြိုင်လမ်း၊
(၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၈၃၆၈၆၂၂၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၂၊ အခန်းအမှတ်(B)၊ မြေညီထပ်အခန်း (အနောက်အရပ်မှ အရှေ့အရပ်သို့ အစဉ်လိုက်ရေတွက်သော် ဒုတိယအခန်း)ကို ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံမှုနှင့်အတူ ပိုင်ရှင်ဖြစ်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာရှိသူမှ ကန့်ကွက်လိုသော် ဤသတင်းစာပါသည့်ရက်မှ သုံးရက်အတွင်း ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။
ဦးအောင်ခိုင် LL.B., Advocateship **(စဉ်-၂၄၆၄/၁၉၈၃)**
ဒေါ်မြင့်မြင့်အေး B.A. (Law), LL.B. **(စဉ်-၂၄၀၃/၁၉၈၃)**
တရားလွှတ်တော်ရှေ့နေများ
ရုံး-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
အိမ် ၉၄+၇၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ဖုန်း-၀၉-၂၅၀၆၇၁၆၆၉၊ ၀၉-၇၉၉၆၄၀၇၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ အကွက်အမှတ် (၃)၊ တိုက်ကြီးအရှေ့ကွက်၊ ဦးပိုင်အမှတ် (၁၄၀ ဃ)၊ ဧရိယာ ၀ဒသမ၀၃၅ ဧကရှိမြေအား ဒေါ်စိန်းအမည်ဖြင့် ဂရန်ရရှိခဲ့ရာမှ နှစ်များကြာသဖြင့် ဂရန်မူရင်းပျောက်ဆုံးသွားခဲ့ပါသည်။ ယခုအခါ ဦးစိန်ဆိုင်းမှ ဂရန်အမည်ပြောင်းသက်တမ်းတိုးလျှောက်ထားခဲ့ရာ ကျသင့်အခွန်များလည်း ပေးသွင်းပြီးဖြစ်ပါသည်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်သစ်ထုတ်ယူရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။
ဦးစိန်ဆိုင်း ၁၂/တကန(ဧည့်)၀၀၀၀၃၆
ဖုန်း-၀၉-၅၃၉၄၃၅၃
အမှတ် ၁၀၃၊ အောင်သုခလမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂F ၊မြေကွက်အမှတ်- ပဥ္စမတန်းစား (၁၀) မြေကွက်တည်နေရာအမှတ် - ၈၀/၈၂ အထက်ပန်းဆိုးတန်းလမ်း ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးကိုလွင် YSE-၀၁၀၃၅၈)၊ ဒေါ်အယ်မာဖွား (BV-၀၁၈၇၀၉)၊ မောင်ကျော်ဦးလွင် (MNN-၀၅၉၃၅၅) မောင်ကျော်ထူးလွင် (TZT-၀၈၃၁၉၂) မတင်မလွင် (MNN-၀၆၀၉၁၉) မရင်မလွင် (MNN-၀၆၁၉၁၆) မောင်ကျော်ထွေးလွင် (MTNT-၀၂၄၄၁၅) အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကိုလွင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အယ်မာဖွား (BV-၀၁၈၇၀၉) (၁၂/မဂတ(နိုင်)၀၂၂၉၁)မှ စနိုးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် - ၃၈၂၂/၁၆ (၉-၁၂-၁၆)၊ ထောက်ခံကျမ်းကျိန်လွှာနှင့် သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပူးတွဲပိုင်ရှင် ကျန်အမည်ပေါက်များဖြစ်ကြသော မောင်ကျော်ဦးလွင်(၁၂/မဂတ(နိုင်)၀၇၄၇၃၁)၊ မောင်ကျော်ထူးလွင်(၁၂/မဂတ(နိုင်)၀၂၂၂၉၀)၊ မတင်မလွင်(၁၂/မဂတ(နိုင်)၀၂၂၂၈၉)၊ မရင်မလွင်(၁၂/မဂတ(နိုင်)၀၂၂၂၈၈)၊ မောင်ကျော်ထွေးလွင်(၁၂/မဂတ(နိုင်)၀၂၂၂၈၇)တို့နှင့်အတူ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် (မြေပုံကူး) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ပိုင်းရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄၂၉/က)၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး)၊ မြေကွက်အမှတ် (၄၂၉/က)၊ မြေဧရိယာ ၀ ဒသမ ၀၂၇ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်သည် မြို့မြေစာရင်းတွင် ဒေါ်ခင်သက်ဦး TME-၀၀၉၀၂၁ အမည်ပေါက်ပြီး ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ်(၃၄၆၉/၂၀၁၅)အရ ဒေါ်သော်တာအောင် ၁၂/လသန(နိုင်) ၀၁၇၁၈၂မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ် ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေအိမ်နှင့်ပတ်သက်၍ မည်သူမဆိုခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးသာလှိုင်
အထက်တန်းရှေ့နေ (စဉ်-၁၉၅၅၆)
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၄၀၀၀၀၀၉

မိခင်အမည်မှန်

ဦးထွန်းထွန်းလှ-ဒေါ်မအောင်တို့၏ သမီး သံဖြူဇရပ်မြို့နယ်၊ ဝဲကလီကျေးရွာ၊ အထက ဆဋ္ဌမတန်းမှ မဇင်ဇာလှိုင်၏မိခင်အမည်မှန်မှာ ဒေါ်ဝင်းအောင် ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းအောင်**
၁၀/သဖရ(နိုင်)၀၃၇၉၄၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/4205 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ ရွှေပေါက်ကံ၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ် ၅၄၈၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်သန်းတင် ၉/မထလ(နိုင်)၁၁၉၄၅၂ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဒေါ်နှင်းနှင်းယု ၁၂/လကန(နိုင်)၀၁၂၈၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးစည်သူဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)
တိုက် (၉/၁၁)၊ အခန်းအမှတ် ၃၀၆(၁/၂)၊ လေးလွှာ
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၀၅၀၉၀၉၁

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၅၃/က)၊ အနော်မာ ၂ လမ်း၊ အလျား(ပေ ၂၀)၊ အနံ(ပေ ၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၁၉၉၃ ခုနှစ် စက်တင်ဘာ ၆ရက်တွင် ထုတ်ပေးထားသော ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှတင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်စာချုပ်သည် ၂၆-၁၂-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ဂရန်ပျောက်ဆုံး လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ မိတ်ဆွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီထိုက်
အထက်တန်းရှေ့နေ(စဉ်-၄၅၀၈၈)
ဖုန်း-၀၉-၇၉၅၄၁၄၁၄၈၊ ၀၉-၂၅၂၅၆၅၄၀၁

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

လူငယ်များ၏ ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုနှင့် ကလေးလုပ်သား အကူးအပြောင်းဆန်းစစ်ခြင်းမှတစ်ဆင့် ပြောပြနေသည့် ကလေးသူငယ်ဆိုင်ရာ အချက်အလက်များ အပိုင်း(၂)

သတင်းဆောင်းပါး-ခင်ရတနာ၊

ဓာတ်ပုံ -Dennis Mault

ယခင်အပတ်မှအဆက်

မြန်မာနိုင်ငံတွင် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ပြည့်နှစ်က ပထမအကြိမ် ကောက်ယူခဲ့ပြီး ၂၅နှစ်ကျော်အကြာတွင် ဒုတိယအကြိမ်မြောက်အဖြစ် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ပြုစုနိုင်ခဲ့သည်။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် သတ်မှတ်ခဲ့သော စာရင်းကောက်ကွက် ၈၀၅၅၇မှ နမူနာစာရင်းကောက်ကွက် ၁၅၀၀ အတွင်းရှိ အိမ်ထောင်စု ၂၄၀၀၀ ကို ကောက်ယူခဲ့ခြင်းဖြစ်သည်။

ထိုသို့ကောက်ယူမှုများအနက် ၂၇ရာခိုင်နှုန်းတွင် ကလေးသူငယ်ဦးရေ ၁၂သန်းခန့်ပါဝင်ပြီး အမျိုးသမီးနှင့်အမျိုးသားမှာ ခြောက်သန်းစီရှိကာ အဆိုပါကလေးသူငယ်ဟု သတ်မှတ်ထားသည့် လူဦးရေ ၁၂သန်းအနက် ၅၄ရာခိုင်နှုန်းသည် အသက် ၅နှစ်မှ ၁၁နှစ်အထိရှိကြပြီး ၂၁ ရာခိုင်နှုန်းမှာ ၁၅ နှစ်မှ ၁၇ နှစ်အကြားတွင် ရှိသည်။

ကလေးငယ်များ၏ လစာရရှိမှုအခြေအနေ

လုပ်ခလစာရရှိသည့် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၆၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ နောက်ဆုံးလုပ်ခကို တစ်ရက်အတွက်ရရှိကြပြီး ရာခိုင်နှုန်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုကာ လုပ်ခလစာရရှိသည်ကို မြင်တွေ့ရသည်။ မြို့ပြနေ ကလေးသူငယ်အလုပ်လုပ်ကိုင်သူများသည် လုပ်ခကို တစ်လတစ်ကြိမ်ခန့် ရရှိမှု ပိုမိုများပြားပြီး ကျေးလက်နေကလေးများမှာမူ နေ့တွက်အလိုက်ရရှိကြသည်ကို လေ့လာတွေ့ရှိရသည်။ လအလိုက်လစာရရှိကြသူများထဲတွင် မိန်းကလေးများက ပိုမိုရရှိကြသည်။

အသက် ၁၅နှစ်မှ ၁၇ နှစ်အထိ ကလေးများတွင် လအလိုက်နှင့် နေ့အလိုက်လုပ်ခရရှိမှု ရာခိုင်နှုန်းကိုလေ့လာကြည့်ရာ နေ့အလိုက်လုပ်ခရရှိမှုတွင် မိန်းကလေးများက သာလွန်ရရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ မြို့ပြနေ ယောကျ်ားလေးများသည် ကျေးလက်နေ ယောကျ်ားလေးများထက် လုပ်ခလစာပိုများပြီး အခြားတစ်ဖက်တွင်မူ ကျေးလက်ရှိ နေ့စားမိန်းကလေးများ၏ လစာသည် မြို့ပြရှိ နေ့စားမိန်းကလေးများလစာထက် ပိုမိုမြင့်မားကြသည်။

မြို့ပြကျေးလက်များကို ထည့်သွင်းမစဉ်းစားဘဲ လေ့လာကြည့်ရာ တစ်ရက်အတွက် သို့မဟုတ် တစ်လအတွက် လုပ်ခရရှိမှုမှာ ယောကျ်ားလေးများက ပိုမိုများပြားသည်ကို မြင်တွေ့ရသည်။ အသက်အရွယ်အလိုက် လေ့လာရာတွင် အသက်အုပ်စုအားလုံးတွင် လုပ်ခကို နေ့အလိုက်ရရှိမှုသည် မြင့်မားပြီး ပျမ်းမျှကလေးအလုပ်သမားတစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ရရှိပြီး သတ္တုနှင့်ကျောက်တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်ဆုံးအနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ ရရှိကြကြောင်း စစ်တမ်းအရ သိရှိရသည်။

ကလေးသူငယ်အများစု အလုပ်လုပ်ရာနေရာများ

အလုပ်လုပ်နေသော ကလေးသူငယ်များထဲမှ ၅၅ ဒသမ ၇ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပင်လယ်ပြင်၊ မြစ်ချောင်းများတွင် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုသူများဖြစ်ကြောင်း စစ်တမ်းအရ သိရှိရသည်။ ထို့အပြင် ကျေးလက်တွင် အလုပ်လုပ်ကြသည့် ကလေးသူငယ်များအားလုံး၏ ၆၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းခွင်အတွင်း ရောက်ရှိနေကြသည်ကို မြင်တွေ့ရသည်။

အသက် ၁၅နှစ်မှ ၁၇နှစ်အထိ အသက်အုပ်စု၏ ၅၇ ရာခိုင်နှုန်းနှင့် အသက် ၁၂ နှစ်မှ ၁၄နှစ်အထိ အသက်အုပ်စု၏ ၅၃ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။ အလုပ်လုပ်ကိုင်နေသော ကျေးလက်ကလေးများ၏ ၉၆ ရာခိုင်နှုန်းနှင့် အလုပ်လုပ်ကိုင်နေသော မြို့ပြကလေးများ၏ ၈၇ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။

ကလေးလုပ်သားတွေရဲ့ဘေးအန္တရာယ်

အသက် ၅ နှစ်ကနေ ၁၇ နှစ်အတွင်း ကလေးတွေကို အခကြေးငွေပေးလို့ အလုပ်လုပ်ခိုင်းမယ်ဆိုရင် ကလေးလုပ်သားဟု သတ်မှတ်နိုင်ပါသည်။ သို့သော် အဆိုးရွားဆုံးပုံစံဖြင့် ကလေးငယ်များကို ခိုင်းစေခြင်း၊ လုပ်ငန်းခွင်သို့ ဝင်နိုင်မည့် အငယ် ဆုံးအသက်ထက်ငယ်သောကလေးများကို အလုပ်လုပ်ခိုင်းခြင်းနှင့် အခကြေးငွေမပေးဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ လုပ်ကိုင်စေခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

အန္တရာယ်များသည့် အလုပ်များတွင် အများဆုံးလုပ်ကိုင်နေကြသူများမှာ အသက် ၁၅နှစ်မှ ၁၇ နှစ်အတွင်း ကလေးများဖြစ်ကြပြီး ၎င်းအသက်အုပ်စုအတွင်းရှိ ကလေးစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသူများဖြစ်ကြောင်း စစ်တမ်းက ထုတ်ဖော်ထားသည်။

အထူးသဖြင့် ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်များအနက် ၁၀ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေသော ကလေးများဖြစ်ကြပြီး ယင်းအနက် ထက်ဝက်ခန့်မှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ကျေးလက်ဒေသရှိကလေးများသည် မြို့ပြကလေးများထက် ပိုမိုကာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်ကို ရင်ဆိုင်နေကြရသည်။

ဖုန်နှင့် အခိုးအငွေ့များကြောင့် ၄၀ ရာခိုင်နှုန်း၊ အန္တရာယ်ရှိသည့် စက်ကိရိယာများကြောင့် ၁၆ ဒသမ ၅ ရာခိုင်နှုန်း၊ အပူအအေး ပြင်းထန်မှုကြောင့် ၁၁ ရာခိုင်နှုန်းနှင့် ဓာတုဗေဒပစ္စည်းများကြောင့် ၉ ဒသမ ၅ရာခိုင်နှုန်းတို့ကို ကလေးလုပ်သားများ အများဆုံးရင်ဆိုင်နေကြရသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ကလေး ၆၃ ရာခိုင်နှုန်း နှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသူကလေး ၅၄ ဒသမ ၆ ရာခိုင်နှုန်းတို့သည် အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း လေ့လာတွေ့ရှိရသည်။

အဓမ္မစေခိုင်းခြင်းများကြုံတွေ့ပါက သက်ဆိုင်ရာသို့ တိုင်ကြားသင့်

ကလေးများအား ကုန်ပစ္စည်းအဖြစ် ရောင်းချခြင်း၊ တရားမဝင် လူကုန်ကူးခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကျေးကျွန်အဖြစ် စေခိုင်းခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုစေခိုင်းခြင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း၊ မူးယစ်ဆေးရောင်းချဝယ်ယူသည့်လုပ်ငန်းများတွင် စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် စေခိုင်းခြင်း၊ ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေခြင်း စသည်တို့သည် ကလေးလုပ်သားများအတွက် ကာကွယ်ပေးသင့်သည့်အရာများဖြစ်ကြောင်း စစ်တမ်းက ဖော်ပြထားသည်။

ကလေးများအတွက် အန္တရာယ်ရှိသောအလုပ်များကို ဆုံးဖြတ်သတ်မှတ်ရာတွင် ကလေးများ၏ ရုပ်နှင့်စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသည့် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးဖြစ်စေသည့် အလုပ်အကိုင်၊ မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသည့် မြင့်မားသောနေရာများ၊ ပိတ်လှောင်နေသည့်နေရာများကို စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် စက်ယန္တရား၊ ကိရိယာတန်ဆာများသို့မဟုတ် လူအားဖြင့် လေးလံသည့် ဝန်စည်များ တင်ဆောင်ခိုင်းခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းခွင်များ၊ ဥပမာ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ သို့မဟုတ် ဘေးသင့်နိုင်သည့် လုပ်ငန်းအဆင့်ဆင့်၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း သို့မဟုတ် ညဥ့်ကာလများတွင် လုပ်ကိုင်ရခြင်းတို့မှာ ကလေးလုပ်သားများအတွက် မဖြစ်သင့်သည့် အလုပ်အကိုင်များဖြစ်သောကြောင့် ခွင့်ပြုရန် မသင့်ကြောင်းသိရပြီး ယင်းသို့ စေခိုင်းနေသည်ကို မြင်တွေ့ရပါကလည်း သက်ဆိုင်ရာသို့ တိုင်ကြားသင့်ပါသည်။

ကလေးလုပ်သားတွေရဲ့ပျမ်းမျှအလုပ်ချိန်

ကလေးလုပ်သားစစ်တမ်းများအရ ကလေးလုပ်သားတစ်ဦး၏ ပျမ်းမျှအလုပ်ချိန်မှာ တစ်ပတ်လျှင် ၅၄ ဒသမ ၂၂ နာရီဖြစ်ပြီး တစ်ရက်လျှင် ၉ နာရီနှင့် အထက်လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရသည်။ ထို့အပြင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးစုစုပေါင်းသည် ၆၁၆၈၁၅ဦးရှိနေပြီး ၎င်းတို့မှာ တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန် ၅၁ ဒသမ ၉နာရီလုပ်ကိုင်နေကြရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁သန်းရှိသည့်အနက် ၂၈ ရာခိုင်နှုန်းမှာ မြို့ပြနှင့် ၂၇ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြပြီး အိမ်ထောင်စုအားလုံး၏ ၆၀ ရာခိုင်နှုန်းသည် ကလေးရှိကြပြီး ယင်းတို့အနက် ခြောက်ပုံတစ်ပုံတွင် အနည်းဆုံး အလုပ်လုပ်နေသည့် ကလေးလုပ်သားတစ်ဦးရှိသည်ဟု စစ်တမ်းက ဆိုထားသည်။

မြန်မာနိုင်ငံတွင် အသက် ၅နှစ်မှ ၁၇ နှစ်အထိ အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု အနေအထားကို လေ့လာကြည့်ရာ အလုပ်လုပ်ကိုင်နေသည့် ကလေးအရေအတွက်မှာ ၁၂၇၈၀၉ ဦးရှိနေပြီး၊ ကလေးလုပ်သားအဖြစ် လုပ်ကိုင်သူ ၁၁၂၅၆၆၁ ဦးနှင့် ကလေးလုပ်သားမဟုတ်ဘဲ အလုပ်လုပ်ကိုင်နေသူမှာ ၁၅၃၃၄၈ ဦးရှိကြောင်း၊ ကလေးလုပ်သားများအနက် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်သူ ၆၁၆၈၁၅ ဦးနှင့် အခြားသော ကလေးလုပ်သား ၅၀၈၈၄၆ ဦးတို့ ရှိကြောင်း ကလေးလုပ်သားစစ်တမ်းက ဖော်ပြထားရာ ကလေးသူငယ်များ အချိန်မတိုင်မီ စာသင်ကျောင်းနှင့် ဝေးကွာမှုမရှိစေရေး၊ အန္တရာယ်ရှိသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရခြင်းနှင့် အခြားသော အလုပ်အကိုင်ဆိုင်ရာ စိန်ခေါ်မှုများမှ ကင်းဝေးရေး၊ ကျောင်းပြင်ပ ကလေးများအတွက် ဝါသနာအရင်းခံကာ ဒေသနှင့်ကိုက်ညီမည့် သက်မွေးပညာများ သင်ကြားပေးနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သက်မွေးပညာများအတွက် အရည်အသွေးကိုက်ညီမှုများရရှိသည့် (Skills Labour) အဖြစ် မွေးထုတ်ပေးနိုင်ရေးအထိ ဝိုင်းဝန်းစဉ်းစားအဖြေရှာကြရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် အလုပ်ရှင်များနှင့် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့သားသမီးများနှင့် ကလေးလုပ်သားများအပေါ် ပိုမိုနားလည် သဘောပေါက်ကာ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝ ရရှိစေနိုင်ရေး ကူညီပေးရန် လိုအပ်နေပြီဖြစ်သည်ကို ကလေးလုပ်သားအစီရင်ခံစာမှတစ်ဆင့် တွေ့မြင်နေရပါကြောင်း။ ။

ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်များအနက် ၁၀ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေသော ကလေးများဖြစ်ကြပြီး ယင်းအနက် ထက်ဝက်ခန့်မှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ကျေးလက်ဒေသရှိ ကလေးများသည် မြို့ပြကလေးများထက် ပိုမိုကာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်ကို ရင်ဆိုင်နေကြ











ခရီးသွားဆောင်းပါး

ထီးလင်းဆီသို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မောင်ချစ်ကြည်

တောင်ကုန်း၊ မြေပြန့်များတည်ရှိနေသည့်မင်းတပ်-ကျောက်ထု-ထီးလင်းလမ်းအတိုင်းလာရောက်နိုင်သလို ပခုက္ကူမြို့မှ ထီးလင်းသို့ လည်းကောင်း လာရောက်၍ရကြောင်း၊ သူကားမောင်းသွားလာဖူးကြောင်း ကားဆရာကိုမောင်ဝင်းက ပြောသဖြင့် မှတ်သားရသည်။

ထီးလင်းမြို့ကို ခရစ်နှစ် ၇၄၈ ခုနှစ်၌ စော်ဘွားနန္ဒရာဇ်က တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းစော်ဘွားနန္ဒရာဇ်၏ သားများက စော်ဘွား ဆက်ခံကြသည်။ ထို့နောက်စော်ဘွား ဆက်ပြတ်ခဲ့ရာ နှစ်ပေါင်း ၃၀၀ ကျော်ခန့်ရှိခဲ့ပြီး ခရစ်နှစ် ၁၂၉၈ စေ့ရန်ရင်ဘတ်ကို တဘက်စီးခဲ့ကြရပြီး တောင်တန်းအတွင်း ပုန်းအောင်းနေခဲ့ကြသည်။ ယင်းနေရာကိုပုန်းတောင်ဟုခေါ်ခဲ့ကြသည်။

ပုန်းတောင်အနောက်ဘက်သို့ ဆက်ပြေးကြရာနောက်မှ လိုက်လာသောစစ်သည်တော်များ မလိုက်လာတော့သဖြင့် ဝမ်းသာပြီးအားလုံးညာသံပေးကာ ဆက်ပြေးကြရာမှ ယင်းနေရာကို ပုန်းညာဟုခေါ်ခဲ့ကြသည်။ ယင်းနေရာများသည် ကာလရွေ့လျားလာမှုကြောင့် အခုအချိန်တွင် ပုံတောင်ပုံညာအဖြစ် အမည်တွင်လျက်ရှိနေခြင်းဖြစ်သည်ဟုဆို၏။ စစ်သည်တော်

ညအမှောင်ကြောင့် ကားကိုဖြည်းဖြည်းမောင်းရသည်။ ဆောင်းရာသီမို့ ကားလမ်းပေါ်မြူနှင်းများ ဝေ့ဝဲကျဆင်းနေသဖြင့် မြင်ကွင်းက မပီပြင်။ တောင်တန်းတောင်ကြောများပေါ် ဖောက်လုပ်ထားသော ကားလမ်းကြောင့် သတိထားရသည်။ ည ၈ နာရီထိုးတော့မည်ဖြစ်ရာ ထီးလင်းမြို့ကို ရောက်ချင်ဇော ဖြစ်မိသည်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော ထီးလင်းမြို့သို့ အချိန်မရသော်လည်း အရောက်သွားချင်စိတ်ကြောင့်သာလာရသည်။ အသိမိတ်ဆွေက မရှိ၊ ကားဆရာက သူ့မိတ်ဆွေအိမ်ရှိသည်၊ ညအိပ်လို့ရသည်ဆို၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ ဟိုဟိုသည်သည်တွေးနေရာ မိနစ်အနည်းငယ်အကြာ ထီးလင်းမြို့သို့ အဝင်ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။ ထီးလင်းမြို့ရောက်ချိန်တွင် ည ၈ နာရီ ၁၀ မိနစ်ရှိပြီ။

ကားဆရာမိတ်ဆွေအိမ်တွင် ညအိပ်ရသည်မှာ အဆင်ပြေသဖြင့် ကျေးဇူးတင်ရသည်။ ခရီးပန်းလာသဖြင့် အိပ်ရာတွင် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားရာ နံနက် ၆ နာရီမှ နိုးတော့သည်။ နံနက်ပိုင်း ထီးလင်းမြို့တွင်း လိုက်လံလေ့လာပြီးနောက် ကျွန်တော်တို့ပြန်မည်ဖြစ်ရာ နံနက်စာစာကို အိမ်ရှင်များက ပြင်ဆင်ပေးထားသဖြင့် အားနာစိတ်ဖြစ်ရသည်။ နံနက်စာစာအဖြစ် ကောက်ညှင်းကျည်တောက်ကို ချက်ချင်းခွာပြီး ခပ်စပ်စပ်ချက်ထားသော ဆိတ်သားဟင်းနှင့် ကျွေးရာ ပူနွေးနေသော ကောက်ညှင်းကျည်တောက်ကြောင့် စားရသည့်အရသာထူးလေသည်။ ရနံ့မွှေးသော လက်ဖက်ခြောက်ခပ်ထားသည့် အဖန်ရေပူပူကလည်း တဖူးဖူးမှုတ်သောက်လိုက်သည်နှင့် ခံတွင်းရှင်းသွားသဖြင့် လိုက်ဖက်လှသည်။

စားသောက်ပြီးသည်နှင့် ကျေးဇူးတင်ကြောင်း နှုတ်ဆက်ကာ ထီးလင်းမြို့တွင်း လိုက်ကြည့်လေ့လာခဲ့သည်။ မြို့တွင်းကားလမ်းက ကောင်းစွာပြုပြင်ခင်းထား၍လားမသိ၊ ချောမွေ့လျက်ရှိသည်။ အချို့နေရာများတွင် သက်တမ်းရင့်သစ်ပင်ကြီးများကို ကားလမ်းဘေးကပ်လျက် စီတန်းတွေ့ရသည်။ ကားလမ်းနှင့် ကပ်လျက်တည်ရှိသော သစ်ပင်ကြီးများကြောင့် အရိပ်လည်းရ၊ အကာအကွယ်လည်းဖြစ်နေသဖြင့် အသုံးတည့်လေသည်။ သက်တမ်းရာကျော်ရှိနိုင်သော အပင်ကြီးများပင်ဖြစ်သည်။

ထီးလင်းမြို့က မြို့နယ်ရုံးစိုက်ရာဖြစ်သဖြင့် အစိုးရဌာနရုံးအဆောက်အအုံများကိုတွေ့ရသည်။ အဆောက်အအုံကြီးကြီးမားမားမဟုတ်သော်လည်း သပ်ရပ်ခံ့ထည်မှုတော့ရှိကြသည်ကို သတိပြုမိသည်။ နေအိမ်များမှာ တစ်ထပ်မြေစိုက်အိမ်များ၊ အချို့ကနှစ်ထပ်အိမ်များဖြစ်ပြီး မြို့ပြအသွင်ကို ဆောင်လျက်ရှိကြောင်း မြင်တွေ့ရသည်။ ဆိုင်ကယ်နှင့်ကားများအသုံးပြုသွားလာကြသည်ကိုမြင်ရသဖြင့် ဒေသနှင့်လိုက်လျောညီထွေဖြစ်သည့် ယာဉ်များအား ခွင့်ပြုထားခြင်းဖြစ်ရာ သွားလာရေးအတွက် အဆင်ပြေလေသည်။

ထီးလင်းမြို့ဈေးသို့ ရောက်ခဲ့သည်။ စိုက်ပျိုးရေးထွက်ကုန်ဟင်းသီးဟင်းရွက်များကို စုပုံရောင်းချသည့် ဈေးတန်းတွင်လည်း ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ အချို့ဈေးသည်များ၏ စကားသံက တစ်မျိုးဖြစ်နေရာ ချင်းတို့စကားလည်းမဟုတ်၊ မြန်မာစကားလည်းမဟုတ်သဖြင့် ထူးခြားနေသည်။ ဈေးအတွင်းလိုက်လံကြည့်ရှုရာ အဝတ်အထည်များ၊ အနွေးထည်နှင့် စောင်များကို တွေ့ရသလို ချင်းတောင်တန်းနှင့် နီးကပ်၍လားမသိ၊ ချင်းတိုင်းရင်းသားတို့၏ရိုးရာဓလေ့အဝတ်အစားများ ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

အတန်ကြာလေ့လာပြီးနောက် ဈေးအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။ မြို့တွင်းကားလမ်းနှင့် လမ်းများပေါ်ဝယ်သွားလာလှုပ်ရှားနေကြသည့် ဒေသခံများက တစ်နေ့တာလုပ်ငန်းများကို ကိုယ်စီဆောင်ရွက်နေကြပြီဖြစ်သည်ကို မြင်ရသည်။ ထီးလင်းက ချင်းပြည်နယ်စပ်ဖြစ်၍ အအေးဓာတ် လွှမ်းခြုံလျက်ရှိသည်။ ထီးလင်းမြို့က မကွေးတိုင်းဒေသကြီးအတွင်းပါဝင်ပြီး ဂန့်ဂေါခရိုင်တွင်ပါဝင်ကြောင်း သိရသည်။

ဂန့်ဂေါခရိုင်တွင် ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်တို့ပါဝင်ကာ ကျောက်ထုကိုလည်း မြို့နယ်ခွဲအဖြစ် ထည့်သွင်းထားကြောင်း ကားဆရာကပြောပြသည်။ မကွေးတိုင်းဒေသကြီးအနောက်ဘက်တွင်တည်ရှိပြီး ချင်းတောင်တန်းများနှင့် ဆက်စပ်နေသောထီးလင်းမြို့က မြေပြင်အနေအထားအရ ခုနှစ်၌ စော်ဘွားဦးခန်းပတ်က ထီးလင်းစော်ဘွားအဆက်ဆက်ကို ပြန်လည်ထူထောင်ခဲ့ပြီး အဆက်ဆက် အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ အလောင်းမင်းတရားလက်ထက်၊ ဆင်ဖြူရှင်လက်ထက်အထိ စော်ဘွားများအုပ်ချုပ်ခဲ့ပြီး ၁၇၇၃ ခုနှစ်နောက်ပိုင်းစော်ဘွားများအစား မြို့သူကြီးများအုပ်ချုပ်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်၌ ထီးလင်းမြို့သူကြီးမှာ မင်းလှသမန္တကျော်ထင်ဖြစ်ကြောင်း သမိုင်းမှ မှတ်တမ်းအချို့၌ လေ့လာခဲ့ဖူးသည်ကို ပြန်သတိရမိသည်။

ကျွန်တော်တို့ ထီးလင်းမြို့ အနောက်တောင်ဘက်ရှိ အောင်တော်မူစေတီသို့သွားရောက်ခဲ့ကြသည်။ နောက်ခံတောင်တန်းများနှင့် အောင်တော်မူစေတီကသပ္ပာယ်ပြီး ကြည်နူးစိတ်ဖြစ်ရသည်။ တိတ်ဆိတ်ငြိမ်သက်သောကြောင့် စိတ်အေးချမ်းကာရှိခိုးဖူးမြော်ရသဖြင့် စိတ်ကြည်လင်ပေါ့ပါးသွားသည်။ ဘုရားဖူးလာကြသူနည်းပါးပြီး သိပ်မတွေ့ရ။ စိတ်အနှောင့်အယှက်ကင်းရာဖြစ်၍ တရားဘာဝနာ ပွားများရှုမှတ်လျှင်ကောင်းသော နေရာဟုတွေးနေမိသည်။

ဘုရားဖူးမြော်ဦးချပြီး အတန်ကြာလေ့လာကြည့်ရာ ဘာသာသာသနာထွန်းကားပြန့်ပွားရေးအတွက် ယခုထက်ပိုမိုဆောင်ရွက်နိုင်လျှင် ကောင်းလိမ့်မည်ဟု အတွေးဝေမိပြန်သည်။ ကျွန်တော်တို့အောင်တော်မူစေတီမှ ပြန်ထွက်လာခဲ့ကြသည်။ ဘုရားဖူးတစ်ဦးစ၊ နှစ်ဦးစ လာရောက်ကြသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာရခဲ့သည်။ ကားပေါ်တက်ခါနီး အနီးမှဖြတ်လျှောက်သွားသည့် ဒေသခံနှစ်ဦး၏ စကားပြောသံကိုကြားရသဖြင့် ကားဆရာမေးမြန်းကြည့်ခဲ့ရာ ယောစကားဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နံနက်က ထီးလင်းဈေးတွင် ထူးခြားသောစကားသံအချို့ကို သတိရသဖြင့် ကားဆရာကိုမောင်ဝင်းအား မေးကြည့်ရာတောင်သားများ၏ ပြောစကားဖြစ်ကြောင်းသိရသည်။ တောင်သားဆိုသည်ကို ကျွန်တော်သိပ်မသိသဖြင့် မေးကြည့်ရာ ကိုမောင်ဝင်းက ပြောပြသည်။ “တောင်သားတွေကို ရောင်ဒူးလို့လဲခေါ်ကြတယ်”ဟု အစချီကာပြောသဖြင့် သိရှိသူနည်းသော တောင်သားတို့အကြောင်းကို သိခွင့်ရခဲ့သဖြင့် ကျေးဇူးတင်ရသည်။

သမုဒ္ဒရာဇ်မင်းကြီး၏မိဖုရားစန္ဒာဒေဝီတွင်မောင်တစ်ဦးရှိရာ ပန်းပဲသမားငစိန်ဖြစ်သည်။ စန္ဒာဒေဝီမိဖုရားနှင့် ငစိန်တို့မှာ ပျူလူမျိုးများဖြစ်ပြီး အကောက်ကြံသော တစ်ပါးသူ၏စကားကြောင့် သမုဒ္ဒရာဇ်မင်းကြီးကပန်းပဲသမားငစိန်ကို သေဒဏ်ပေးခဲ့ရာ ဆွေမျိုးများနှင့်အတူ ငစိန်လည်း ထွက်ပြေးခဲ့ရသည်။ ပုဂံပြည်မှ ပခန်းကြီးနယ်၊ ယင်းမှ ယောနယ်သို့ပြေးခဲ့ရာ တောင်တန်းများကိုဖြတ်ကျော်ခဲ့ရသဖြင့် အမျိုးသမီးများ သက်လုံမကွဲများကြောက်သဖြင့် ၎င်းတို့စကားတစ်မျိုးကို ထွင်ပြီး ပြောဆိုခဲ့ကြကာ နေထိုင်ခဲ့ကြသည်။ လူမျိုးစုတစ်စုကဲ့သို့ အသွင်ပြောင်းပြီး နေလာခဲ့ရာမှ တောင်သား လူမျိုး၊ တောင်သားစကား ဟုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းကို မောင်ဝင်းက ပြောပြသည်။

“ဒီဒေသဆိုရင် ထီးလင်းမြို့နယ် သံပုရာကျေးရွာအနောက်ဘက်မှာအဲဒီတောင်သားတွေနေထိုင်ကြတာပေါ့။ အရင်ကတော့ အဲဒီရွာကို ရောင်းပြားရွာလို့ခေါ်ကြတယ်။ တောင်သား လူမျိုးတွေဟာ ထီးလင်း၊ ဂန့်ဂေါနဲ့ဆောမြို့နယ်တွေမှာ ပြန့်ကြဲနေထိုင်ကြတယ်ဆိုတာတော့သိရတယ်” ဟုၚင်းက ဆက်လက်ပြောပြသည်။

တောင်သားများသည် ယခုအခါ ၂၇၀၀၀ ခန့်ရှိပြီး ထီးလင်းမြို့နယ်အတွင်း ထန်းပင်တန်း၊ တောရောင်၊ ပဇင်းချောင်း၊ ဝါးဘိုးချောင်၊ ဝက်သက်ရွာမ၊ ဝက်သက်မြောက်၊ အိုင်းမ၊ ရွှေခုံတိုင်၊ ဇီးတော၊ အုန်းတော၊ ကြာဥကန်၊ သံပုရာ၊ ဟင်းခွတ်ကုန်း၊ ဆေးမင်းတော၊ ထိန်တိုင်းစသည့် ရွာပေါင်း ၁၇ ရာတွင်နေထိုင်ကြကြောင်းသိရသည်။ ဂန့်ဂေါမြို့နယ်တွင် တောင်လုံး၊ တောင်ယာပြင်၊ ဇီးပြားစံပယ်နှင့် စင်ပုံရွာတို့၌နေထိုင်ကြပြီး ဆောမြို့နယ်တွင် ရေဇင်၊ တောင်တက်၊ ပြင်လယ်၊ ကံကြီး၊ ရင့်ရဲ၊ ဇံတော၊ ပေါက်ခေါင်းရွာအပါအဝင်ရွာပေါင်း ၂၆ ရွာ၌ နေထိုင်ကြကြောင်း ကိုမောင်ဝင်းက စိတ်ရှည်စွာရှင်းပြသည်။

ထို့နောက်ကျွန်တော်တို့ထီးလင်းမြို့ရှိ ချင်း-ဗမာချစ်ကြည်ရေးကျောက်တိုင်သို့သွားရောက်ခဲ့ကြသည်။ ဤကျောက်တိုင်ကို ၁၉၄၇ ခုနှစ်မတ်လ ၄ ရက်က စိုက်ထူခဲ့ခြင်းဖြစ်သည်။ ချင်း-ဗမာချစ်ကြည်ရေးအတွက် ဒီးဒုတ်ဦးဘချိုသည် ၁၉၄၇ခုနှစ် မတ်လ ၃ ရက်က ထီးလင်းမြို့သို့ရောက်ရှိလာခဲ့ပြီး ချစ်ကြည်ရေးညီလာခံမကျင်းပမီ တစ်ရက်အလိုတွင် ချင်းခေါင်းဆောင်များနှင့်အတူ အုတ်မြစ်ချစိုက်ထူခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က သမိုင်းပုံရိပ်များကို ကျွန်တော် ရော်ရမ်းမှန်းဆနေမိသည်။ တိုင်းရင်းသားများ ချစ်ကြည်ရေးကို ထိုအချိန်ကတည်းကပင် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ချင်း-ဗမာ ချစ်ကြည်ရေး ကျောက်တိုင်မှ ပြန်ထွက်လာပြီးနောက် ထီးလင်းမြို့မှ ကားဖြင့်ပြန်လာခဲ့ကြသည်။ ထီးလင်းမြို့က ထူးခြားမှုရှိသည်ဖြစ်ရာ စိတ်ဝင်စားစရာလည်းကောင်းသည်။ ချင်းတောင်များနှင့် နီးကပ်သည်ဖြစ်ရာ ရာသီဥတုက အေးမြမြနှင့် နေထိုင်၍ကောင်းသည်။ ထူးခြားသည့်တောင်ရိုးလူမျိုးများနေထိုင်ရာရွာများသို့ အချိန်ယူသွားရောက်လေ့လာလျှင်ဗဟုသုတများစွာရရှိနိုင်မည်ဖြစ်သော်လည်း မသွားနိုင်ခဲ့တော့။ နောက်တစ်ခါ အခါအခွင့်သင့်လျှင်သွားရောက်နိုင်မည်ဟု မျှော်တွေးရင်း... ။ ။

ချင်းတောင်တန်းကို နောက်ခံပြုထားသည့် မြို့ထီးလင်းရှုခင်း

ပုန်းတောင်အနောက်ဘက်သို့ ဆက်ပြေးကြရာ နောက်မှ လိုက်လာသောစစ်သည်တော်များ မလိုက်လာတော့သဖြင့် ဝမ်းသာပြီး အားလုံးညာသံပေးကာ ဆက်ပြေးကြရာမှ ယင်းနေရာကို ပုန်းညာဟုခေါ်ခဲ့ကြသည်။ ယင်းနေရာများသည် ကာလရွေ့လျားလာမှုကြောင့် အခုအချိန်တွင် ပုံတောင်ပုံညာအဖြစ် အမည်တွင်လျက်ရှိနေခြင်းဖြစ်သည်ဟုဆို

ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာထိုးဖောက်နိုင်ရေး နေထိုင်လေ့ကျင့်မှုအခက်အခဲဖြစ်နေသော ကလပ်များကို အဖွဲ့ချုပ် ကူညီပေးမည်

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ယနေ့မြန်မာ့ရိုးရာအားကစားလောကတွင် ရိုးရာလက်ဝှေ့ အနေဖြင့် ပြည်တွင်း၊ ပြည်ပထိုးဖောက်မှုမှာ အထိုက် အလျောက် အောင်မြင်မှု ရှိနေပြီဖြစ်သည်။ ပြည်တွင်းကလပ် များ ပိုမိုများပြားလာသလို ကစားသမား မျိုးဆက်သစ်မှာလည်း နိုင်ငံတစ်ဝန်း ပြန့်ပွားလျက်ရှိသည်။ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အနေဖြင့်အင်အားတောင့်တင်းမှုမရှိသေးသည့် ကလပ်သစ် များကို လိုအပ်သော လေ့ကျင့်ရေးပစ္စည်းများ ကူညီထောက်ပံ့ ပေးလျက်ရှိသည်။ အလားတူရိုးရာလက်ဝှေ့ကလပ်အများစု တွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် နေထိုင်လေ့ကျင့်မှု အခက်အခဲ အခက်အခဲကြုံတွေ့နေရသည့် ရိုးရာလက်ဝှေ့ ကလပ်များကို လည်း အဖွဲ့ချုပ်အနေဖြင့် ကူညီပေးလျက်ရှိကြောင်းနှင့် လက်ရှိ နေထိုင်လေ့ကျင့်မှု ကြုံတွေ့နေရသော ကလပ်များအား အဖွဲ့ချုပ်အနေဖြင့် ညှိနှိုင်းကူညီလုပ်ဆောင်ပေးသွားမည်ဖြစ် ကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"ရိုးရာလက်ဝှေ့အနေနဲ့ နိုင်ငံတကာကိုထိုးဖောက်ဖို့လုပ် မယ်။ လေ့ကျင့်တဲ့နေရာတွေလည်း ပူးပေါင်းလုပ်ဖို့။ အဖွဲ့ချုပ်

အနေနဲ့က ရန်ပုံငွေ တောင့်တင်းတဲ့အဖွဲ့မဟုတ်ပါဘူး။ အဖွဲ့ချုပ် ကို လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ခန့်ထားတာမဟုတ်ဘဲ စီမံခန့်ခွဲမှု အပိုင်းအနေနဲ့သာ ခန့်ထားတာဖြစ်တယ်။ ဒါကြောင့် ငွေကြေးအားဖြင့်တော့ အများကြီးမထောက်ပံ့နိုင်ဘူး။ တတ် နိုင်တဲ့အထဲကနေလေ့ကျင့်ရေးထောက်ကူပြုပစ္စည်းလေးတွေ ထောက်ပံ့တယ်။ ကလပ်တွေ ရပ်တည်နိုင်ဖို့အတွက် ကူညီပေး တယ်။ လေ့ကျင့်ဖို့ ကလပ်တွေ အခက်အခဲရှိရင် အဖွဲ့ချုပ်နဲ့ ညှိနှိုင်းပြီး အနီးစပ်ဆုံးအား/ကာပိုင်ကွင်းတွေ၊ ရုံတွေကို လေ့ကျင့် နိုင်အောင် ကူညီပေးမယ်။ တချို့လည်းအဲဒီလို ထားပေးထားတာရှိတယ်။ တခြားအဖွဲ့ချုပ်တွေလိုငွေကြေး အလုံးအရင်းနဲ့ ပံ့ပိုးတာမျိုးတော့ မလုပ်နိုင်ဘူး။ ပြည်တွင်း ကလပ်တွေကို လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းတွေ ပံ့ပိုးတယ်။ လေ့ကျင့်ဖို့နေရာထိုင်ခင်းအခက်အခဲ ဖြစ်ရင်လည်း အဖွဲ့ချုပ်အနေနဲ့ ကူညီပေးမယ်။ ကျွန်တော်တို့ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်အနေနဲ့ အားကစားဝန်ကြီးဌာနကို ကျေးဇူးတင်ဖို့ ကောင်းတာက သိမ်ဖြူရုံကို ရိုးရာလက်ဝှေ့ရုံအဖြစ် သီးသန့်ခွင့်ပြုပေးထားတာပဲ။ ရုံအပိုင်ရလိုက်တဲ့အတွက် ပွဲတွေကို ပုံမှန်လုပ်နိုင်တယ်။ ပွဲတွေ ပုံမှန်ရှိလာတဲ့အတွက် အားကစားသမားတွေက ပုံမှန်လေ့ကျင့်မှု လုပ်နိုင်ခဲ့တယ်။ လေ့ကျင့်မှုလုပ်မှုလည်း နည်းစနစ်ပိုင်း၊ ကြံ့ခိုင်မှုပိုင်း၊ သက်လုံပိုင်းအားလုံး တိုးတက်လာမယ်။ ပွဲတွေကောင်းလာ မယ်။ ဒါကြောင့် ပြည်သူလူထု လက်ခံလာတာဖြစ်တယ်။ မျိုးဆက်သစ်တွေလည်း တိုးလာတယ်။ ဒါတွေကို အဖွဲ့ချုပ်က ထိန်းထားနိုင်တယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဦးမောင်ဝင်းက ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သော ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ခုနစ်ပွဲ၊ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ (၁) ၌ နှစ်ပွဲ၊ စစ်ကိုင်းတွင် တစ်ပွဲ၊ မန္တလေး တွင် သုံးပွဲနှင့် တံ့တေးတွင် တစ်ပွဲ စုစုပေါင်း ၁၄ ပွဲကျင်းပနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာစိန်ခေါ်ပွဲ ၂၉ ပွဲကိုသိမ်ဖြူတွင် ၁၈ ပွဲ၊ သုဝဏ္ဏတွင် နှစ်ပွဲ၊ မန္တလေးတွင် နှစ်ပွဲ၊ ရေးတွင် တစ်ပွဲ၊ တောင်ငူတစ်ပွဲ၊ ဟသ်ာတတစ်ပွဲ၊ ပဲခူး တစ်ပွဲ၊ သန်လျင်တစ်ပွဲ၊ ဗျိုင်းနှစ်ကောင် တောတွင် တစ်ပွဲကျင်းပခဲ့ပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ် ပေါင်း မျိုးဆက်သစ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ၁၃ ပွဲတို့လည်း သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် ၁၁ ပွဲ၊ မြောင်းမြတွင် တစ်ပွဲနှင့် ပုဂံညောင်ဦးတွင် တစ်ပွဲကျင်းပနိုင်ခဲ့ရာ ပထမ တန်းနှင့် ဒုတိယတန်း လက်ဝှေ့ကျော်များဖြစ်သည့် ရဲသွေးနီ၊ ထွန်းလွင်မိုး၊ ဆလိုင်းချမ်းမြေ့ကို၊ ရာမာဉ်၊ သား အသည်းတစ်ပွင့်၊ ဒေါင်းဖြူလေး၊ ထွန်းနိုင်ဦး၊ ထယ်ကြီး၊ ကျားဘဟိန်း၊ ဆင်ရိုင်း လေး၊ တိမ်တိုက်၊ ကျော်စွာဝင်း၊ စွမ်းထက်နိုင်၊ ရွှေဖားစည် စသည့် ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

"ကလပ် ၃၇ ခုရှိတယ်။ မြန်မာ့ရိုးရာလက်ဝှေ့အနေနဲ့ ခုနောက်ပိုင်း ပြည်တွင်း၊ ပြည်ပစိန်ခေါ်ပွဲတွေများလာတယ်။ ဒါတွေက တိုးတက်မှုပဲ။ ရိုးရာလက်ဝှေ့ကစီးပွားရေးလည်းပါ တယ်။ ပွဲတွေဒီလောက် များလာတာ ပွဲစီစဉ်သူတွေအတွက် တွက်ခြေကိုက်လို့ပဲ။ ဝါသနာပါလို့အရှုံးခံလုပ်တယ်ဆိုလည်း တစ်ပွဲတလေပဲရနိုင်မယ်။ ဒီလောက်ပွဲတွေ စိပ်စိပ်ထိ မလုပ်နိုင်ဘူး။ ဆိုလိုတာက ပြည်သူလူထုစိတ်ဝင်စားမှုရှိ လာတယ်။ ဒါကြောင့်ပွဲတွေ များများကျင်းပနိုင်ခဲ့တာ။ ပွဲတွေ ကလည်း တကယ့် အကြိတ်အနယ်ရှိတဲ့ပွဲတွေဖြစ်လာတယ်။ လုပ်ပွဲတွေမရှိတော့တဲ့အတွက် ပြည်သူကလက်ခံလာတယ်။ အရင်ကပွဲတွေ ဒီလောက်မများခဲ့ဘူး။ ပြိုင်ဆိုင်မှုလည်း ဒီလောက်မများခဲ့ဘူး။ အခုနောက်ပိုင်းများလာတယ်ဆိုတာ ကလည်း အားလုံးနှီးနွှယ်နေတာပေါ့။ ပြည်သူလူထုလည်း အားပေးထောက်ခံမှုရှိတာကြောင့် ဒီလောက်ထိလုပ်နိုင် ခဲ့တာပါ။ ခုဆိုရိုးရာလက်ဝှေ့ကို နိုင်ငံတကာထိုးဖောက်ဖို့ ဂျပန်ကိုစတင်အခြေပြုနေပြီ။ ယခင်လည်း သွားဖူးတယ်။ ခုတော့ သေချာလေးလုပ်လာနိုင်တဲ့အတွက် ဂျပန်ဘက်က ကိုယ်ခံအားကစားသမားတွေတောင် ဒီရိုးရာလက်ဝှေ့ဘက်ကို ပြောင်းလာတာရှိတယ်။ ရုရှားဘက်ဆိုလည်း အလားတူပဲ။ ခုနောက်ပိုင်းထိုးဖောက်လာတယ်"ဟု ပြည်ပထိုးဖောက်မှုနဲ့ ပတ်သက်၍ ၎င်းက ပြောသည်။

ရိုးရာလက်ဝှေ့လောကတွင် တစ်မူထူးခြားစွာ ပြောင်းလဲ ကျင်းပမည့် ခြောက်ထောင့်ကြိုးဝိုင်းနှင့်ပတ်သက်၍လည်း ၎င်းက "ခုလေးထောင့်ကနေ ခြောက်ထောင့်ပြောင်းဖို့ဆို တာအဖွဲ့ချုပ်ရဲ့အကြံပြုချက်နဲ့ ဌာနကိုတင်လိုက်တယ်။ ဌာနက လောလောဆယ် လက်ခံခွင့်မပြုနိုင်သေးဘူး။ ဘာကြောင့် လက်မခံသေးလဲဆိုရင် ဒီလိုလေးထောင့်ထိုးရင်းကခြောက် ထောင့်ပြောင်းလိုက်ရင် လေ့ကျင့်ထားတာက လေးထောင့်၊ ပြိုင်ပွဲမှာခြောက်ထောင့်ဆိုတော့ ကစားသမားတွေအတွက် အခက်အခဲကြုံလာနိုင်တယ်။ နောက်တော့ နိုင်ငံတကာ ကလာ ထိုးတဲ့ သူကလည်း များသောအားဖြင့် လေးထောင့်လိုကျင့် ခဲ့ပြီးမှ ခြောက်ထောင့်လာထိုးမယ်ဆိုရင် အခက်အခဲရှိနိုင်တယ်။ ပြောရရင် အသားမကျသေးဘူးပေါ့။ အဖွဲ့ချုပ်နဲ့ ဌာနရဲ့ ရည် မှန်းချက်ကတော့ ခြောက်ထောင့်ကို တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ လေ့ကျင့်တဲ့ကစားသမားရော၊ ပြိုင်ပွဲရောတစ်ပြိုင် တည်း ပြောင်းနိုင်ရမယ်။ ပြိုင်ပွဲမှာပဲခြောက်ထောင့်နဲ့ ကစား ပြီးလေးထောင့်နဲ့ကျင့်လာရင် ဘယ်လိုမှ အံမဝင်နိုင်ဘူး။ မလုပ် ရဘူးဆိုတာတော့မဟုတ်ဘူး။ အားလုံးတူညီမှုပဲလုပ်ဖို့ပြော တယ်။ ဒါကြောင့် လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ ခြောက်ထောင့်နဲ့ ကျင်းပမယ်ဆိုရင် နည်းစနစ်ပိုင်းကအစ အများကြီးကွာခြားသွားတယ်"ဟု ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဦးမောင်ဝင်း

ယခု ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ် အနေဖြင့် ဦးဆောင်ကာကျင်းပမည့် ပြည်တွင်း၊ ပြည်ပရိုးရာ လက်ဝှေ့ပြိုင်ပွဲများမှာ ဇန်နဝါရီလတွင် ခုနစ်ပွဲ၊ ဖေဖော်ဝါရီ လတွင် သုံးပွဲ၊ မတ်လတွင် ရှစ်ပွဲ၊ ဧပြီလတွင် သုံးပွဲ၊ မေလတွင် ခုနစ်ပွဲ၊ ဇူလိုင်လတွင် ခြောက်ပွဲ၊ ဩဂုတ်လနှင့် စက်တင်ဘာလ တို့တွင် ခုနစ်ပွဲစီ၊ အောက်တိုဘာလတွင် ရှစ်ပွဲ၊ နိုဝင်ဘာလတွင် ၁၁ ပွဲနှင့် ဒီဇင်ဘာလတွင် ခုနစ်ပွဲလောလောဆယ်အနေဖြင့် နိုင်ငံတစ်ဝန်းကျင်းပသွားရန် စီစဉ်ထားသော်လည်း အမှန် တကယ် ပြိုင်ပွဲကျင်းပနိုင်ရန် ယခုဇန်နဝါရီ ၃၀ ရက်တွင် မြန်မာ နိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် ပွဲစီစဉ်သူများ ထပ်မံညှိနှိုင်း မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် ကျင်းပမည့် ပွဲများနှင့်ပတ်သက်၍လည်း ၎င်းက"ပြီးခဲ့တဲ့နှစ်ကတော့ အဖွဲ့ချုပ်ကို တင်ထားတဲ့ပွဲတိုင်း အကြောင်းကြောင်းကြောင့် မလုပ်နိုင်တာတွေ ရှိတယ်။ အဲဒါ ကြောင့် ပွဲစီစဉ်သူတွေကို ဒီနှစ်တင်ထားတဲ့ အတိုင်းလုပ်နိုင် မလားဆိုတာ ပြန်ခေါ်ထားတယ်။ မနှစ်ကတော့ ပြဿနာအရှုပ် ထွေးတွေရှိတယ်။ အဲဒါတွေကိုအဖွဲ့ချုပ်အနေနဲ့ ရှင်းထုတ်ဖို့ လုပ်နေတယ်။ ရိုးရာလက်ဝှေ့မှာက လူသစ်တန်းပွဲ၊ အပျော်တမ်းပွဲ၊ နိုင်ငံတကာပွဲသုံးမျိုးလောက်ရှိတယ်။ တကယ် တော့ ရိုးရာလက်ဝှေ့တစ်ပွဲကိုခွင့်ပြုတယ်၊ မပြုဘူးဆိုတာ ကအဖွဲ့ချုပ်က NGO ဖြစ်တဲ့အတွက်ကြောင့် လုပ်လို့မရဘူး။ အဖွဲ့ချုပ်အနေနဲ့ ဝန်ကြီးဌာနကိုတင်ပေးလိုက်တာပဲရှိတယ်။ အဖွဲ့ချုပ်တစ်ခုတည်းလုပ်လို့မရဘူး။ ပြိုင်ပွဲကျင်းပတယ်ဆိုတာ လုံခြုံရေးကိစ္စတွေကအစ အများကြီးရှိတယ်။ အဲဒါတွေကို ပွဲစီစဉ်သူတွေအနေနဲ့ သဘောပေါက်ဖို့ လိုတယ်။ ရိုးရာလက်ဝှေ့ မှမဟုတ်ဘူး အားကစားတစ်ခု ရေရှည်တိုးတက်ဖို့ဆိုတာ ကလပ်တွေလည်းအချင်းချင်းစည်းလုံး၊ ပွဲစီစဉ်သူတွေအနေနဲ့ လည်းဝိုင်းဝန်းဖေးမဖို့လိုတယ်။ အဖွဲ့ချုပ်အနေနဲ့က မှန်မှန် ကန်ကန်ရိုးရိုးသားသားနဲ့ ဦးဆောင်နေတာဖြစ်တယ်။ အဖွဲ့ချုပ် အနေနဲ့က ရိုးရာလက်ဝှေ့တိုးတက်ဖို့ကို တကယ်ကို စိတ်ထား မှန်မှန်နဲ့ အစွမ်းကုန်လုပ်ပေးနေတယ်"ဟု ပြောသည်။

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

သီပေါ ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာ ရှင်များအား (၃၇)ကြိမ်မြောက် အခမဲ့စမ်းသပ်ကုသခြင်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်ပေးခဲ့သည်။

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ်များသာမက အခြားမြို့နယ်များမှ လာရောက် ကုသသော မျက်စိဝေဒနာရှင် ၉၄၆ ဦးကို သီတဂူစက္ခုဒါန ဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ မဟာမြတ်မုနိဘုရားကြီး ရေကြည် တော်ဝင် အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်း စသည့် ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အထွေ ထွေအထူးကု(မျက်စိဌာန) စစ်ကိုင်းသီတဂူဆေးရုံကြီးမှ ဒေါက်တာ ဒေါ်ခင်အေးမူနှင့်အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန် လိုအပ်သည့် မျက်စိဝေဒနာရှင် ၁၆၂ ဦးကိုလည်းကောင်း၊ ကျန်လူနာများကို လိုအပ်သောဆေးဝါး၊ မျက်စဉ်းနှင့်မျက်မှန် တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

နယ်များမှ လာရောက်ကုသကြသော ချို့တဲ့နွမ်းပါးသည့် ဝေဒနာရှင်များအား မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင် ပညာသီရိက ခရီးစရိတ်နှင့် အစားအစာများပါ အလှူဒါနပြုခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကိန္နရီ

တံဆိပ်စက္ကူပေါ်တွင်ကပ်နိုပ်ထားသော
'ကိန္နရီ'အရုပ်နှင့်စာသားပါ
(Hologram) လေဆာရောင်ပြန်ပြား

လုံချည်ချုပ်ရိုးတွင် ထည့်သွင်းချုပ်ထားသည့်
'ကိန္နရီ'စာသား နှစ်ဖက်ပါ
အသားတံဆိပ်



၄/၅၁၄၁/၂၀၀၂

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ မဟာဗောဓိ (၂) လမ်း၊ အမှတ် (၂၀၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုး [၁၂/ကမရ(နိုင်) ဝ၃၀၁၄၇]သည် အထက်ဖော်ပြပါ **ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် စာချုပ်မှတ်ပုံတင်အမှတ် ၄/၅၁၄၁ (၁၉-၉-၂၀၀၂) ရက်အရ တရားဝင်မှတ်ပုံတင်ပြီး အဆင့်မြင့်သဘာဝချည်သားစစ်စစ်ဖြင့် အဆင့်မြင့်ချည်ဆိုးဆေးများအသုံးပြု၍ မိမိတို့ကိုယ်တိုင် စက်ရက်ကန်းဖြင့်ရက်လုပ်ခြင်း၊ စိတ်တိုင်းကျအရည်အသွေးစစ်ဆေးကာ ချုပ်လုပ်ခြင်း၊ ထုတ်လုပ်သော အသင့်ချုပ်ပြီး အမျိုးသားဝတ် ချည်ချောလုံချည်အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်း လုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ကိန္နရီအဆင့်မြင့်ချည်ချောလုံချည်ကုန်အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်ရက်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်အဆင့်မြင့်သော ဂုဏ်သတင်းများဖြင့် နာမည်ကောင်းသတင်းကျော်ကြား လူကြိုက်များကာ အများပြည်သူတို့က ဝယ်ယူအားပေး နှစ်သက်စွာ သုံးစွဲကြသည်ကို ကုန်ပစ္စည်းတံဆိပ်ပိုင်ရှင် ဦးလှမျိုးက ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာရှိရပါသည်။ သို့ပါသော်လည်း ယခုအခါ မသမာသူအချို့က **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် အမည်တံဆိပ်ကိုတုပ၍ ဆင်တူယိုးမှားပုံပြုကာ အရည်အသွေး ညံ့ဖျင်းသည့် လုံချည်၊ ပုဆိုးများတွင်ကပ်နိုပ်၍ **ကိန္နရီ** မှထုတ်လုပ်သော ဒုတိယတန်းစားလုံချည်၊ ပုဆိုးဟု လိမ်လည်ပြောဆိုကာရောင်းချနေကြောင်း ကြားသိရပါသည်။

ကိန္နရီ အဆင့်မြင့်ချည်ချောလုံချည်အစစ်အမှန်တွင် -

(က) **ကိန္နရီ**စက္ကူတံဆိပ်ပေါ်တွင်ရိုက်နိုပ်ထားသည့် '**ကိန္နရီ**'အရုပ်သည် မျက်မြင်အရ လက်ဝဲ(ဘယ်ဘက်)သို့ မျက်နှာလှည့်ပါသည်။ ယင်းစက္ကူတံဆိပ်တွင် အဆင့်မြင့်ချည်ချောလုံချည် ပင်ရင်း - **ကိန္နရီ** အထည်စက်၊ သဲတောမြို့။ ဖုန်း-၀၆၄-၅၀၁၃၁၊ ရန်ကုန်ဖြန့်ချိရေး- ၀၁-၅၂၆၂၂၈ ဟု ရေးသားဖော်ပြထားပါသည်။

(ခ) **ကိန္နရီ** သည် စာလုံးသုံးလုံးသာရှိပါသည်။ ကိ ္နန ရီ
၁ ၂ ၃

(ဂ) **ကိန္နရီ** စာ၏ရှေ့တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း မည်သည့်အပိုစာလုံးမှမပါရှိပါ။ ------ **ကိန္နရီ** ------

(ဃ) **ကိန္နရီ** ကို 'ရ'ဖြင့်သာ 'ရီ'ပါသည်။ ------ **ကိန္နရီ** ------

(င) **ကိန္နရီ** ကို နငယ်နှစ်လုံးဆင့် 'န္န'ဖြင့်ရိုက်နိုပ်ထားပါသည်။ ------ **ကိန္နရီ** ------

(စ) **ကိန္နရီ** အမှတ်တံဆိပ်စက္ကူပေါ်တွင် '**ကိန္နရီ**'အရုပ်နှင့် '**ကိန္နရီ**'ဟုဖော်ပြပါရှိသော လေဆာရောင်ပြန်ပြား (**ကိန္နရီ** Hologram) **ကိန္နရီ** ထပ်ဆင့်ကပ်ထားပါသည်။

(ဆ) လုံချည်ချုပ်ရိုးတွင် နက်ပြာရောင်အောက်ခံအပေါ်၌ ရွှေအိုရောင်ဖြင့် '**ကိန္နရီ**'စာတန်းနှစ်ဖက်ရိုက်နိုပ်ထားသည့် အသားတံဆိပ် **ကိန္နရီ®** ထည့်သွင်းချုပ်ထားပါသည်။

(ဇ) **ကိန္နရီ** အမည်တံဆိပ်ပါ ပလတ်စတစ်အိတ်ခွံများဖြင့် **ကိန္နရီ** လုံချည်ကို ထည့်သွင်းထုပ်ပိုးထားပြီး ၄င်းပလတ်စတစ်အိတ်ခွံပေါ်တွင်လည်း **ကိန္နရီ**အထည်စက်၊ သဲတောမြို့၊ ဖုန်း-၀၆၄-၅၀၁၃၁၊ ၅၀၃၂၅၊ ၅၀၄၆၄၊ ရန်ကုန် ဖုန်း-၀၁-၅၂၆၂၂၈ ဟု ဖော်ပြပါရှိပါသည်။

ကိန္နရီ ပုဆိုး၊ လုံချည်ထုတ်လုပ်ရေးလုပ်ငန်းမှ **ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည်နာမည်ဆင်တူယိုးမှားဖြင့် မည်သည့်ဒုတိယတန်းစားပုဆိုး၊ လုံချည်ကိုမှ ထုတ်လုပ်ရောင်းချခြင်း မရှိပါ။ **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားသူ တစ်ဦးတည်းမူပိုင် ဦးလှမျိုးမှလွဲ၍ မည်သူမဆို အမှတ်တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ စာသား၊ အရုပ်တံဆိပ်များ တုပ ပြုလုပ်သုံးစွဲပြီး အရည်အသွေးညံ့သည့်ပုဆိုး၊ လုံချည်များတွင် ကပ်နိုပ်ရောင်းချနေသူများအပေါ် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူတော့မည် ဖြစ်ပြီး ပိုင်ရှင်ဦးလှမျိုး၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများကို တရားမကြောင်းအရလည်း အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမျိုး၏ညွှန်ကြားချက်အရ -

ဦးအောင်မြင့် (ကမာရွတ်)
H.G.P, LL.B, D.B.L, D.M.L, D.I.L
D.Apsy (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၁၄၇/၁၉၈၇)
(၂၁၃)၊ မဟာဗောဓိ(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကိန္နရီ ဆင်တူယိုးမှားပေါ်ပေါက်လာသည့်အခါတိုင်း အသိပေးပြောကြားပေးပြီး ကိန္နရီ အစစ်အမှန်ကို တစ်ဆင့်ပြန်လည်ရောင်းချပေးသူများနှင့် ကိန္နရီ အစစ်အမှန်ကို စိစစ်ရွေးချယ်ဝယ်ယူအားပေးသော ဝတ်ဆင်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

ကိန္နရီ မှ ကိန္နရီ ဖြစ်စေဖို့ အစဉ်ကြိုးစားလျက် -

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
ကြိုက်သလောက်...ပြော
တစ်နေ့လုံး ၃၉၉ ကျပ်
*399#
MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1332 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

FAME

အမေရိကန်နိုင်ငံမှ USDA ၊ ဩစတြေးလျနိုင်ငံမှ ACO ၊ ဂျာမနီနိုင်ငံမှ IFOAM နှင့်
မြန်မာနိုင်ငံမှ MOAG အသိအမှတ်ပြု

FAME Organic Pharming Project

အော်ဂဲနစ်ခေတ်သစ်တစ်ခုကို အရောက်လှမ်းနိုင်ရန်

- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- သဘာဝဆေးဖက်ဝင်အပင်များကိုလေ့လာသိရှိလိုသူများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်လိုသူများ၏တောင်းဆိုမှုများအရ...

ဧည့်သည်များအတွက် လေ့လာပြသခြင်းအစီအစဉ်
2 Hours Guided Tour Programme

တနင်္လာနေ့မှသောကြာနေ့ – နံနက် (၉း၀၀) နာရီတွင် တစ်ကြိမ်]
– နေ့လည် (၁း၀၀) နာရီတွင် တစ်ကြိမ်] တစ်နေ့လျှင် နှစ်ကြိမ်
စနေနေ့ – နံနက် (၉း၀၀) နာရီတွင် တစ်ကြိမ်သာ

ပိတ်ရက်
စနေနေ့မွန်းလွဲပိုင်း၊ တနင်္ဂနွေနေ့ နှင့် အများပြည်သူရုံးပိတ်ရက်များ

ဝင်ကြေး ▶ လူကြီး = ၅၀၀၀ ကျပ်၊ ကလေးနှင့်ကျောင်းသား = ၃၀၀၀ ကျပ်

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ကာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းရှိ (၄၅) ဧက ကျယ်ဝန်းသော **FAME Organic Pharming Project** သို့ စိတ်ပါဝင်စားသူမည်သူမဆို လာရောက်လေ့လာနိုင်ပါကြောင်း နွေးထွေးလှိုက်လှဲစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၇၀၆)၊ ကျွဲနွားထောက်ကျေးရွာ၊ အနီးစခန်းဘုတာလမ်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
Ph : 09-793877207, www.famepharm.com, FAME Pharmaceuticals

လေ့လာအပန်းဖြေစရာ
FAME Herbal Garden

တီထွင်ဆန်းသစ်မှုများဖြင့် စိုက်ပျိုးထားသော
ခေတ်မီ နွယ်ချိုစိုက်ခင်း



မျိုးတုန်းပျောက်ကွယ်လုပြီဖြစ်သော
ရှားပါး တပင်တိုင်မြနန်းစိုက်ခင်း

Vertical Farming စနစ်ဖြင့်
စိုက်ပျိုးထားသော ဂျုံမြက်နုစိုက်ခင်း

ကင်ဆာရောဂါအတွက် အစွမ်းထက်မြက်သော
Dandelion (ခေါ်) ဒုဓလီစိုက်ခင်း

သဘာဝမြေဩဇာအဖြစ်အသုံးပြုနိုင်သော
တီကောင်မွေးမြူရေးကန်များ

ခေတ်မီ သဘာဝအော်ဂဲနစ်နည်းပညာများဖြင့် စိုက်ပျိုးထားသော ဆေးဖက်ဝင်အပင်များနှင့် Organic Farm တစ်ခုတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သင့်လျော်သော စီမံခန့်ခွဲမှုစနစ်များကို လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

Hot Pot King

Hot Pot and BBQ Buffet

Hot Pot King မှ Dim Sum များ စတင်ရောင်းချပေးနေပါပြီ။
ဟော့ပေါ့ကင်း စားသောက်ဆိုင်မှ အဝစား Buffet စနစ်ဖြင့်
Hot pot & BBQ အချိန်အကန့် အသတ်မရှိဘဲလူကြီးမင်းတို့
စိတ်ကြိုက် သုံးဆောင်နိုင်ပါသည်။

အထူး Promotion

Chinese New Year

Lunch & Dinner (10%) off

လိပ်စာ - ၂၆/၂၇၊ သစ္စာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်။
Ph -09 777777008,09 777777009, 09 777777883

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊သစ္စာလမ်း၊ အမှတ်(၂၆/၂၇) အိမ်နေ ဒေါ်သီတာဦး၊ (၁၃/နခန(နိုင်)၀၄၅၅၆၇) သည် အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကိုရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင် ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့်မိမိတို့ပိုင်အဖြစ်သုံးစွဲရန်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

GO HOME

မှတ်ပုံတင်စာချုပ်အမှတ် - ၁၆၉၃၉/ ၂၀၁၆

အထက်ဖော်ပြပါ Go Home ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head တံဆိပ်တုံးတို့ကို အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး၊ ပါကင်အမျိုးမျိုးတို့ဖြင့်အသီးအရွက် ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီးအဆိုပါပစ္စည်းထည့်သွင်း အသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူး အမျိုးမျိုး၊စက္ကူ ကဒ်အမျိုးမျိုး၊စက္ကူအိတ်အမျိုးမျိုး၊စက္ကူပါတ် အမျိုးမျိုး၊အသား တံဆိပ်အမျိုးမျိုးတို့အပေါ်တွင် ဒီဇိုင်းနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် အသီးအရွက်ဆိုင်ခွဲများဖြင့် လက်လီလက်ကား ဖြန့်ချီရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ Go Home ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုတစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား တုပ၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲပြီးကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအားတရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည့် အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ပယ်ဖျက်ပေးသည့်အထိ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိ ပေးကြေညာအပ်ပါသည်။ ဤအမှတ်တံဆိပ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်း၊ အထောက်အထား ခိုင်အမာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြလှဲ့ဝင်း(L.L.B. D.B.L)
အထက်တန်းရှေ့နေ (စဉ် - ၂၀၉၅၁)
အမှတ်(၈၃)၊ အထက်ပဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၅၄၄၄၅၊ ၀၉၅၁၅၁၈၃၃

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊သစ္စာလမ်း၊ အမှတ်(၂၆/၂၇) အိမ်နေ ဒေါ်သီတာဦး၊ (၁၃/နခန(နိုင်)၀၄၅၅၆၇) သည် အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကိုရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင် ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့်မိမိတို့ပိုင်အဖြစ်သုံးစွဲရန်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

HOT POT KING

မှတ်ပုံတင်စာချုပ်အမှတ် - ၁၆၉၃၀/ ၂၀၁၆

အထက်ဖော်ပြပါ HOT POT KING ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head တံဆိပ်တုံးတို့ကို အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး၊ ပါကင်အမျိုးမျိုးတို့ဖြင့် ဟော့ပေါ့ စားသောက်ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ပြီးအဆိုပါပစ္စည်းထည့်သွင်း အသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူး အမျိုးမျိုး၊စက္ကူ ကဒ်အမျိုးမျိုး၊စက္ကူအိတ်အမျိုးမျိုး၊စက္ကူပါတ် အမျိုးမျိုး၊အသား တံဆိပ်အမျိုးမျိုးတို့အပေါ်တွင် ဒီဇိုင်းနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် ဟော့ပေါ့ စားသောက်ဆိုင်ခွဲများဖြင့် လက်လီလက်ကား ဖြန့်ချီရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ HOT POT KING ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုတစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား တုပ၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲပြီးကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအားတရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည့် အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ပယ်ဖျက်ပေးသည့်အထိ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိ ပေးကြေညာအပ်ပါသည်။ ဤအမှတ်တံဆိပ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်း၊ အထောက်အထား ခိုင်အမာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း(L.L.B. D.B.L)
အထက်တန်းရှေ့နေ (စဉ် - ၂၀၉၅၁)
အမှတ်(၈၃)၊ အထက်ပဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၅၄၄၄၅၊ ၀၉၅၁၅၁၈၃၃

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၄-၁-၂၀၁၇ ရက်မှ ၁-၂-၂၀၁၇ ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁-၂-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတား သံပေါင်တပ်ဆင်ရန်အတွက်လိုအပ်သော သံပေါင်(၂၀၀၀)တန်နှင့် တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတားသံပေါင်တပ်ဆင်ရန်အတွက် လိုအပ်သော သံပေါင်(၁၂၀၀)တန်အား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် J&M Steel Solutions Co. Ltd မှ တည်ဆောက်ရေးလုပ်ငန်းခွင်အသီးသီးအရောက် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃၀-၁-၂၀၁၇ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၁၇ရက် (၁၆း၀၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၉-၂-၂၀၁၇

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
တံတားဦးစီးဌာန၊ ဖုန်း-၀၉-၈၆၃၄၅၃၄

ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်းမှ မချစ်စနိုးဦးနှင့် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ အထက(၂၂) သတ္တမတန်းမှ မောင်ရဲထက်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဦး ၉/ဇဗသ(နိုင်)၀၀၁၀၄၀ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၄၆၉၁၆ H-Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှဖြူ ၁၄/မတပ(နိုင်)၀၀၀၂၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ဦးစီးမှူးရုံး၊ (မြိတ်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမြို့နယ်
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

စနေ၊တနင်္ဂနွေ တစ်လအထူးသင်တန်း ၄-၂-၂၀၁၇ရက် စဖွင့်မည်။

တနင်္လာမှ သောကြာနေ့အထိ တစ်လပုံမှန်သင်တန်း ၆-၂-၂၀၁၇ ရက်စဖွင့်မည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၉-၇၉၉၈၀၈၆၄၀၊ ၀၉-၄၂၀၀၂၄၉၆၇၊ ၀၉-၇၃၀၂၁၁၇၆ (၁-၈)၊ မြဝတီမင်းကြီးလမ်း၊ ၅၁ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊

နယ်မှ သင်တန်းသားများ ဘော်ဒါဆောင် အခမဲ့၊ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ ကျွန်းအုပ်စုများပေါ်မှ ဇီဝဖိုးငှက်သိုက်များကို တစ်ဦးတည်း စုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ပိုင်	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလှနှင့် ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀-၁-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

၃။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၁၄-၂-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ

၄။ **တင်ဒါရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

၅။ **တင်ဒါရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၅၃၉

အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၉)၊ သတ္တမတန်း(B)မှ ဦးကျော်လင်းနိုင်၏သားမောင်ကျော်သူရဟိန်းအား ယနေ့မှစ၍ မောင်ကျော်သူရလင်းဟု ပြောင်းလဲခေါ် ဆိုပါရန်။

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အိုက်ဆိုင်း ၁/မကန(နိုင်)၀၁၂၄၆၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၇၀၂၆၂၁၀

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့် ဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၁၀-၂-၂၀၁၇ ရက် နံနက် ၁၀း၀၀နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ ပေးသွင်းလိုသူများအနေဖြင့် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ၃-၂-၂၀၁၇ရက်မှ ၉-၂-၂၀၁၇ ရက်အထိ တင်ဒါတစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်(ယခင်ပြည်ထဲရေး ရုံးဟောင်း)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၄၃၃၊ ၀၉-၂၆၃၇၄၂၃၂၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ကုန်သည်စက်မှုအသင်းချုပ် လစဉ်ပညာရှင်များဟောပြောပွဲ ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ်ပညာရှင်များဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဟောပြောမည့်ခေါင်းစဉ် - လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အစားအစာနှင့် အာဟာရ

ဟောပြောမည့်ပုဂ္ဂိုလ် - ဦးအောင်ထွန်းခိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊စိုက်ပျိုးရေး-မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ကျင်းပမည့်နေ့ရက် - ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်(စနေနေ့)

ကျင်းပမည့်အချိန် - မွန်းလွဲ ၂း၀၀နာရီ

ကျင်းပမည့်နေရာ - UMFCCI Office Tower (ပထမထပ်)ခန်းမကြီး။ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

CLAIMS DAY NOTIC
MV. MORNING MENAD VOY:NO(114)

Consignees of cargo carried by MV. MORNING MENAD VOY: NO (114) are here by notified that the vessel will arrive of about 30-1-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to(04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈ **ကိုယ်စားလှယ်လုပ်ငန်းဌာန**
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ မိမိ၏အဆောက်အအုံကို ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်တင်ဝင်းဝင်းသန်း	၁၂/ဗတထ(နိုင်) ၀၀၂၁၀၃	(၆၂/ခ)၊ သီရိဇေယျာလမ်း၊ ၈ဝနရပ်ကွက်၊ သဃ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
Myanmar Productivity Centre အတွက် အကြံပေးပုဂ္ဂိုလ်များနှင့် Model Company များခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်၊ စက်မှုဝန်ကြီးဌာန၊ Japan Productivity Center (JPC)နှင့် UMFCCI တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPC (Myanmar Productivity Center) တည်ထောင်ရေးစီမံကိန်းဒုတိယနှစ်အတွက် အောက်ပါ လျှောက်လွှာများဖိတ်ခေါ်ပါသည်။

အကြံပေးပုဂ္ဂိုလ် (Consultant)(၇)ဦး

Consultantသည် အောက်ပါအရည်အချင်းများ လိုအပ်ပါသည်။

- ဘွဲ့ရ(သို့)၎င်းနှင့်ညီမျှသော ပညာအရည်အချင်း အောင်လက်မှတ်ရှိရမည်။
- Production (သို့) Business Management နှင့်ပတ်သက်၍ အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
- Training နှင့် Consultation activities များတက်ရောက်လုပ်ဆောင်ပြီးနောက် Younger Consultants များကို ပညာဖြန့်ဝေခြင်း/ လေ့ကျင့်သင်ကြားပေးနိုင်သူ ဖြစ်ရမည်။
- Trainer တစ်ယောက်ဖြစ်မည့်သင့်တော်သော အရည်အချင်းရှိသူဖြစ်ရမည်။
- Japanese experts များမြန်မာနိုင်ငံတွင် မရှိသည့်ကာလများအတွင်း model companies များသို့လည်း သွားရောက်၍သင်တန်းနှင့်ပတ်သက်သည့် Follow up assignmentsများ ပြုလုပ်နိုင်ရမည်။

Model Company (၃)ခု

- ကုမ္ပဏီ၏ Top Management(မျှော်လင့်ချက်များ၊ ပူးပေါင်းဆောင်ရွက်ခြင်းများနှင့် Productivity Improvement အတွက်ကူညီပေးရန်တုံ့ဆိုင်းခြင်းမရှိ လိုလားစွာ ချက်ချင်းဆောင်ရွက်နိုင်ခြင်း)နှင့်သက်ဆိုင်သောကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်တာဝန်ရှိခြင်း။
- ဆောင်ရွက်နိုင်သော Model Consulting ၏ဆောင်ရွက်ချက်များမှတစ်ဆင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက်အမှန်တကယ် ရလဒ်ကောင်းများရရှိလာစေရန် တီထွင်ဖန်တီးထားသော အချက်အလက်အကြောင်းအရာများကို ဖော်ပြရန်။
- Model Consulting လှုပ်ရှားဆောင်ရွက်ချက်များ၌ သင့်လျော်သော ဝန်ထမ်းများကို တာဝန်ခွဲဝေချထားပေးခြင်း။
- စီမံခန့်ခွဲရေးနှင့်ကုမ္ပဏီလုပ်ငန်းကိစ္စများကို ရေရှည်တည်တံ့ခိုင်မြဲပြီးအောင်မြင်ရန်အတွက် ထိန်းသိမ်းဆောင်ရွက်ပေးရန်(ကုန်ထုတ်လုပ်မှုတိုးတက်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်)
- အတိုင်ပင်ခံ၏ဆောင်ရွက်ချက်များအရရရှိလာသည့် ကျွမ်းကျင်မှု၊ ကြိုးပမ်းမှုအရည်အချင်း တို့ကြောင့်ရရှိလာသော အကျိုးကျေးဇူးများ၊ ရလာဒ်များကို မျှဝေပေးရေးသဘောတူညီရန်နှင့် လိုအပ်မည့် စီမံခန့်ခွဲရေးဆိုင်ရာအချက်အလက်များကို Promotional Seminar အတွက် ပံ့ပိုးပေးရန်။
- အတိုင်ပင်ခံလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောအထောက်အကူပြု အသုံးအဆောင်ပစ္စည်းများကိုပံ့ပိုးပေးရန်(ဥပမာ-အစည်းအဝေးခန်း)
- လိုအပ်ပါက ဓာတ်ပုံ၊ ဗီဒီယိုတို့ကို ရိုက်ကူးခွင့်ပြုရန်၊ မန်နေဂျာနှင့်ဝန်ထမ်းများမှငြင်းပြောဆိုမှုမရှိစေရန်။
- နိုင်ငံခြားကုမ္ပဏီများနှင့်ဆက်ဆံပြောဆိုဆောင်ရွက်သည့်မှတ်တမ်းများ၊ ထုတ်ကုန်/သွင်းကုန်များဆိုင်ရာဖြစ်နိုင်ချေရှိသော အလားအလာများကို ထားရှိရန် (အထူးသဖြင့် ဂျပန်ကုမ္ပဏီများ)။

အထက်ဖော်ပြပါ လစ်လပ်နေရာများအတွက် လျှောက်ထားလိုသူများသည် အသင်းချုပ်မှသတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဖြည့်စွက်၍ ကိုယ်တိုင်ရေးလျှောက်လွှာတစ်စောင်၊ လက်ရှိအလုပ်လုပ်ကိုင်သူဖြစ်ပါကထောက်ခံစာ၊ မိမိ၏အနာဂါတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် သင်တန်းတွင်လေ့လာ၍ အသုံးချမည့် မိမိ၏ Vision ကိုဖော်ပြရန်၊ သင်တန်းပြီးနောက် UMFCCI နှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုလားစွာဆန္ဒရှိမှုကိုဖော်ပြရန် (Independent Consultant ဖြစ်ပါက)၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံ (CV)၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာဘွဲ့လက်မှတ်မိတ္တူများ၊ အလုပ်သမား မှတ်ပုံတင်လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ(သက်တမ်း တစ်လအတွင်း)တို့ကို အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ၃-၂-၂၀၁၇ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၉-၄၅၀၂၀၀၂၉၀၊ ၂၃၁၄၃၄၃~၂၃၁၄၃၄၉(လိုင်းခွဲ-၃၁၈)သို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါသည်။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မကွေးခရိုင်တရားမရုံးတော်၌
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၈နှင့်ဆက်သွယ်သည့် ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

ဒေါ်ရည်မွန်သန်း အမှတ် (၂၉၇)၊ ၂၀လမ်းနှင့် ပိတောက်လမ်းထောင့် ရန်ဝေးရပ်၊ မကွေးမြို့။ **နှင့်** ၁။ ဗိုလ်မှူးမြင့်အောင်(ငြိမ်း) လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းစက်ရုံ၊ အဆောက်အအုံဌာန၊ လမ်းရှာ(ဝါဇီ)၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ ၂။ ဦးငွေးလွင် အမှတ်(၂၇)၊ မဲထီးလမ်း၊ ရန်ဝေးရပ်၊ မကွေးမြို့။

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

(၁)တရားရှုံး ဗိုလ်မှူးမြင့်အောင်(ငြိမ်း)၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းစက်ရုံ (အဆောက်အအုံဌာန) လမ်းရှာ၊ ဝါဇီ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

